# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၉)၊ အမှတ် (၂၇၃)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

# Covid ရဲ့ပိတ်ပင်မှုတွေနဲ့ နေနေရတဲ့ကာလအတွင်းမှာ ကိုယ့်အိမ်ထဲမှာနေရင်း ကမ္ဘာသစ်တွေလည်း ကြည့်နိုင်ရင် မကောင်းဘူးလားဟု ရေးသားဖော်ပြ

**နေပြည်တော် ဇူလိုင် ၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid ရဲ့ပိတ်ပင်မှုတွေနဲ့ နေနေရတဲ့ကာလအတွင်းမှာ ကိုယ့်အိမ်ထဲမှာနေရင်း ကမ္ဘာသစ်တွေလည်း ကြည့်နိုင်ရင် မကောင်းဘူးလားဟု ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အိမ်မှာနေရတဲ့အချိန်တွေကို ဘယ်လိုသုံးကြမယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် သဘောထားချင်းတူကြမှာ မဟုတ်ပါကြောင်း၊ မိမိအတွက်ကတော့ အချိန်လေးနည်းနည်းရမယ်ဆိုရင် စာဖတ်ပါကြောင်း၊ ပထမတော့ 'အချိန်ပိုရင်'လို့ ရေးမလို့ပါ၊ ဒါပေမဲ့ အလုပ်တစ်ခုမဟုတ် တစ်ခုကတော့ အမြဲရှိနေတော့ ပိုနေတဲ့အချိန်ရယ်လို့ ရှိနိုင်ပါ့မလားလို့ တွေးမိပါကြောင်း၊ ဒါ့ကြောင့် စာဖတ်ဖို့အချိန်ဆိုတာ ရအောင်လုပ်ယူရပါကြောင်း။

ယခု ကန့်သတ်ချက်တွေကြောင့် အချိန်ရနေကြမယ်ဆိုရင် စာဖတ်ဖို့အားပေးပါရစေ။ ဖတ်တဲ့ စာတွေကတော့ တာဝန်အရ ဖတ်ရတာတွေလည်း ပါမှာဖြစ်ပါကြောင်း၊ အလုပ်နဲ့ပတ်သက်တဲ့ စာတွေ၊ ကျောင်းစာတွေလိုမျိုး ဖြစ်ပြီး ဖတ်သင့်တယ်ထင်တဲ့စာတွေ၊ ဖတ်ချင်တဲ့စာတွေလည်း ပါမှာပဲဖြစ်ပါကြောင်း။

ဖတ်တဲ့စာအမျိုးအစားနည်းတူ စိတ်ဝင်စားစရာကောင်းတာကတော့ စာဖတ်ဝါသနာပါခြင်းရဲ့ အခြေခံအကြောင်းပဲ ဖြစ်ပါကြောင်း၊ ဒီမှာလည်း တစ်ယောက်နဲ့တစ်ယောက် တူကြမှာ မဟုတ်ပါကြောင်း၊ မိမိအတွက်ကတော့ စာဖတ်တဲ့အခါမှာ ကမ္ဘာသစ်တွေကို ရောက်သွားသလိုပဲ ဖြစ်ပါကြောင်း၊ မသိထားတဲ့ကာလ၊ ဒေသတွေ၊ မစဉ်းစားဘူးတဲ့ အတွေးသစ်တွေ၊ ဒါတွေနဲ့ စိတ်ဟာ ကန့်သတ်ထားတဲ့ နံရံလေးဖက်ကို ထိုးဖောက်ပြီး လွတ်လပ်တဲ့ဝေဟင်ကြီးကို ပျံလွှားသွားနိုင်ပါကြောင်း၊ Covid ရဲ့ပိတ်ပင်မှုတွေနဲ့ နေနေရတဲ့ကာလအတွင်းမှာ ကိုယ့်အိမ်ထဲမှာနေရင်း ကမ္ဘာသစ်တွေလည်း ကြည့်နိုင်ရင် မကောင်းဘူးလား။

အခြား Covid ဖြေလျှော့မှုတွေနဲ့အတူ မိမိ Facebook အစီအစဉ်ကိုလည်း ဖြေလျှော့ပြီး တစ်ပတ်ကို(၃)ကြိမ်၊ covid နဲ့ပတ်သက်တဲ့ video conferencing မရှိတဲ့နေ့တွေမှာ တင်မည်ဖြစ်ပါကြောင်း၊ နေ့တိုင်းတော့ ပြည်သူပြည်သားများ ကျန်းမာချမ်းသာစွာနဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့ ဆုတောင်းမေတ္တာပို့သနေမှာပါဟု ရေးသားထားသည်။

> **"စာဖတ်တဲ့အခါမှာ ကမ္ဘာသစ်တွေကို ရောက်သွားသလိုပဲဖြစ်၊ မသိထားတဲ့ကာလ၊ ဒေသတွေ၊ မစဉ်းစားဘူးတဲ့ အတွေးသစ်တွေ၊ ဒါတွေနဲ့ စိတ်ဟာ ကန့်သတ်ထားတဲ့ နံရံလေးဖက်ကို ထိုးဖောက်ပြီး လွတ်လပ်တဲ့ဝေဟင်ကြီးကို ပျံလွှားသွားနိုင်"**

## သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်

(စာမျက်နှာ - ၂)

## နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၁၅ / ၂၀၂၀)
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်)

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉ (က)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၄ (ဂ) နှင့် နည်းဥပဒေ ၁၆ (က) တို့အရ ၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် (၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်) တနင်္ဂနွေနေ့တွင် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၅၈ ဦးအား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် ထပ်မံပို့ဆောင်ပေး

**လားရှိုး ဇူလိုင် ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မူဆယ်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးသို့ မေ ၆ ရက်မှစတင်ပြီး စနစ်တကျလွှဲပြောင်းပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် မူဆယ်မြို့၊ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များမှတစ်ဆင့် ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျ စိစစ်၍ လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိပြီး လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့မီးရထားခရီးစဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ဇူလိုင် ၁ ရက်တွင် နေရပ်ပြန်ပြည်သူအမျိုးသား ၉၃ ဦး ၊ အမျိုးသမီး ၆၅ ဦး စုစုပေါင်း ၁၅၈ ဦးတို့အား စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

*စာမျက်နှာ ၁၆ ကော်လံ ၅* ◆




မြန်မာ့အလင်း

# ရာပြည့်ကာလ၏ စိန်ခေါ်မှု

ယခုနှစ်တွင် မြန်မာ့ရုပ်ရှင်နှစ် ၁၀၀ ပြည့်သည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ကာလ ၁၉၂၀ ပြည့်နှစ်အချိန်တွင် မြန်မာ့ရုပ်ရှင်၏ဖခင်ကြီး ဖြစ်လာမည့် လန်ဒန်အတ် ဦးအုန်းမောင်၏ အားထုတ်ကြိုးပမ်းမှုဖြင့် ပထမဆုံး မြန်မာဇာတ်လမ်းရုပ်ရှင်ကား "မေတ္တာနှင့်သူရာ" ထွက်ပေါ်လာပြီး မြန်မာရုပ်ရှင်ပရိသတ်တို့၏ တစ်ခဲနက်အားပေးမှုကို ရရှိခဲ့သည်။ ယင်းမတိုင်မီကမူ ရန်ကုန်မြို့တွင် ရုပ်ရှင်ရုံများ ရှိနေပြီဖြစ်သော်လည်း နိုင်ငံခြားရုပ်ရှင်ကားများကိုသာ ကြည့်ရှုခဲ့ရခြင်းကြောင့် မြန်မာဝတ္ထုဇာတ်လမ်းကို မြန်မာသရုပ်ဆောင်များဖြင့် မြန်မာဒါရိုက်တာက ရိုက်ကူးတင်ဆက်သည့် ပထမဆုံးမြန်မာရုပ်ရှင်ဇာတ်ကားထွက်ပေါ်လာသောအခါ တုန်ခြင်း၊ မှုန်ခြင်းစသော အရည်အသွေးပိုင်း အားနည်းချက်တို့ ရှိခဲ့သည့်တိုင်အောင် ပရိသတ်ကသည်းခံအားပေးခဲ့ကြောင်းလည်း မှတ်တမ်းများအရ သိရှိရသည်။

တာထွက်ကောင်းခဲ့သည့် မြန်မာ့ရုပ်ရှင်သည် အချိန်တိုတိုအတွင်းမှာပင် မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးကြီးထွားခဲ့ပြီး စစ်ကြိုခေတ်နှင့် စစ်ပြီးခေတ်၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခေတ်တို့တွင် ခေတ်အလိုက်လူထုပရိသတ်ကို ဖျော်ဖြေမှု၊ အသိပညာပေးမှု၊ နိုင်ငံရေးနိုးကြားစေဖို့ နှိုးဆော်တိုက်တွန်းမှုစသည်ဖြင့် ခေတ်အကြိုက်ကိုသာမက ခေတ်ကိုပြုပြင်မှုတို့ဖြင့် တာဝန်ကျေခဲ့ကြသည်။ မြန်မာရုပ်ရှင်နှင့် မြန်မာပရိသတ်တို့ အစပ်အဟပ်တည့်ခဲ့ကြသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ ခေတ်အပြောင်းအလဲ၊ နိုင်ငံရေးရာသီ အပြောင်းအလဲတွင်မူ မြန်မာ့ရုပ်ရှင်သည်လည်း လောကဓံကို ခံခဲ့ရသည်။ စင်စစ်အားဖြင့် ရုပ်ရှင်သည် ဩဇာသက်ရောက်မှု အားကောင်းသည့် မီဒီယာတစ်ခုဖြစ်သည့်အလျောက် အာဏာပိုင်တို့၏ အထိန်းအချုပ်၊ အကွပ်အညှပ်၊ အဖိအထောင်းတို့၏အောက်တွင် တဖြည်းဖြည်းနှင့် လုံးပါးပါးခဲ့ကြရသည်။ ပရိသတ်နှင့်လည်း အစပ်အဟပ်ကွာခဲ့ကြရပြီး မြန်မာ့ရုပ်ရှင်ဇာတ်ကားတို့၏ အရည်အသွေးတို့အပေါ် အားမလို အားမရမှုနှင့်အတူ ပြစ်တင်ရှုတ်ချမှုအချို့ပါ ပေါ်ထွက်လာခဲ့ရသည်။

လက်ရှိအခြေအနေတွင်မူ မြန်မာ့ရုပ်ရှင်လောကသည် အလှည့်အပြောင်း၊ အချိုးအကွေ့တစ်ခုဆီသို့ ရောက်ရှိနေပြီဖြစ်သည်။ မြန်မာ့ရုပ်ရှင်နယ်ပယ်သို့ မျိုးဆက်သစ်များ ဝင်ရောက်လာမှုနှင့်အတူ အတွေးအမြင်သစ်များ၊ လုပ်နည်းလုပ်ဟန်အသစ်များ၊ ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်လာမှုတို့ကြောင့် ရလဒ်ကောင်းများ ပေါ်ထွက်လာသလို မြန်မာ့ရုပ်ရှင်ကို တစ်ဖန်ပြန်လည်အားပေးမှုတို့လည်း ပေါ်ထွက်လာသည်။ ပြည်ပသရုပ်ဆောင်၊ ပြည်ပဒါရိုက်တာ၊ ပြည်ပကင်မရာမင်းများအပါအဝင် မြန်မာ့ရုပ်ရှင်နှင့် နိုင်ငံရပ်ခြားတို့မှ ရုပ်ရှင်လုပ်ငန်းတို့ ပူးပေါင်းလုပ်ကိုင်မှုများလည်း ရှိလာသည်။ သို့ရာတွင် မမျှော်လင့်ဘဲ ပေါ်ထွက်လာသည့် ကမ္ဘာ့ကပ်ရောဂါဆိုးကြောင့် စီးပွားရေး၊ လူမှုရေးတို့ ထိခိုက်ခံစားကြရသည့် ဆက်နွှယ်မှုတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် ရုပ်ရှင်လောကသားတို့လည်း ထိခိုက်ခံစားကြရသည်။

ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးအတွက် ချမှတ်လိုက်သည့် အကန့်အသတ်၊ အတားအဆီး၊ စည်းမျဉ်း စည်းကမ်းများအရ ရုပ်ရှင်ရိုက်ကူးသည့်လုပ်ငန်းခွင်များ ရပ်နားထားရပြီး ရုပ်ရှင်ပြသသည့် ရုပ်ရှင်ရုံများလည်း ယာယီအားဖြင့် ပိတ်ထားလိုက်ရပြီဖြစ်ရာ လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့်တကွ ဒါရိုက်တာ၊ သရုပ်ဆောင်၊ ဇာတ်ရုံ၊ ဇာတ်ပို့၊ လူကြမ်း၊ ကင်မရာ၊ စက်အဖွဲ့၊ မီးထိုးမှန်ထိုး၊ ရုပ်ရှင်ရုံဝန်ထမ်းများ စသည်ဖြင့် ရုပ်ရှင်လုပ်ငန်းနှင့် ဆက်စပ်သမျှတို့ အပေါ်ဆုံးမှသည် အောက်ဆုံးအထိ အားလုံးကိုယ်စီ အထိနာကြသည်။ ကိုဗစ်-၁၉ ကပ်ရောဂါသည် လူ့အသိုင်းအဝိုင်းတို့ အကြားတွင် ကြာကြာနေဦးမည့် အခြေအနေတွင်ရှိနေရာ ရောဂါရှိနေသရွေ့ လုပ်ငန်းတို့ကြာကြာ ရပ်ဆိုင်းထားရန် မဖြစ်နိုင်သည့်အလျောက် ထွက်ရပ်လမ်းအတွက် အဖြေရှာကြရသည်။ ရောဂါကူးစက်မှု ကာကွယ် ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရုပ်ရှင်ရိုက်ကူးရေးနှင့် ပြသရေးတို့ ပြုလုပ်နိုင်ရန် နည်းလမ်းများ စဉ်းစားကြရသည်။

ယင်းသို့ စဉ်းစားကြရာတွင် တစ်ဖက်တွင်လည်း မိမိတို့ နိုင်ငံရှိ ရုပ်ရှင်ပရိသတ်တို့၏ သဘာဝနှင့် မိမိတို့နိုင်ငံ၏ ရေမြေရာသီဥတု အခြေအနေတို့နှင့်လည်း ကိုက်ညီရန် စဉ်းစားကြမှသာ လက်တွေ့အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သည်ဟူ၍ ယူဆမိသည်။ မြန်မာ့ရုပ်ရှင်ရာပြည့် အခါသမယတွင် တိုက်တိုက်ဆိုင်ဆိုင် ပေါ်ပေါက်လာသည့် စိန်ခေါ်မှုကြီးကို ရုပ်ရှင်လောကသားတို့၏ စုပေါင်းညီညွတ်မှု စွမ်းပကားဖြင့် ကျော်လွှားနိုင်ကြပါစေကြောင်း။ ။

## သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ အာဏာတည်သည့် နေ့ရက်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာအမှတ်၊ ၈၃/၂၀၂၀
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်)

**သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ အာဏာတည်သည့် နေ့ရက်သတ်မှတ်ခြင်း**

၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၅ ဖြင့် ပြဋ္ဌာန်းခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေသည် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ သတ်မှတ်လိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်း ချုပ်လုပ်မှုပြိုင်ပွဲတွင် ဆုရရှိသူအား ဂုဏ်ပြုဆုများပေးအပ်

**မကွေး ဇူလိုင် ၁**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်း ချုပ်လုပ်မှုပြိုင်ပွဲတွင် ပြည်သူအနှစ်သက်ဆုံးဆု၊ တတိယဆုရရှိသူအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ချီးမြှင့်သည့် ဂုဏ်ပြုဆုပစ္စည်းများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ပြည်သူများ၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုအားဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပိတ်စနှာခေါင်းစည်းချုပ်လုပ်မှုပြိုင်ပွဲတွင် ပြည်သူအနှစ်သက်ဆုံးဆု တတိယဆုရရှိမှုအပေါ် ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားကာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်းချုပ်လုပ်မှုပြိုင်ပွဲတွင် ပြည်သူအနှစ်သက်ဆုံးဆု တတိယဆုရရှိသူ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ တမာပင်ရပ်ကွက်မှ ဒေါ်ဝေဝေအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## MRTVနှင့် BBC Media Action တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် ပတ်သက်ပြီး အွန်လိုင်းဖြင့် ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁**



MRTVနှင့် BBC Media Action တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် ပတ်သက်ပြီး အွန်လိုင်းဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့ မွန်းလွဲပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးချုပ် နေပြည်တော် တပ်ကုန်းနှင့် BBC Media Action ရုံးခွဲ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်း အမှတ် (၆) အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ Portland Place ရှိ ရုံးချုပ်တို့မှ Micro-soft Team ကို အသုံးပြုပြီး Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သော အဖွဲ့နှင့် BBC Media Action မှ Country Director Ms. Rachaed Mc Guin ဦးဆောင်သည့်အဖွဲ့တို့ တက်ရောက်ကြပြီး ပူးပေါင်းထုတ်လွှင့်လျက်ရှိသည့် မျက်မှောက်ရေးရာ အဖြာဖြာ၊ ခံစားကြည့်၊ သက်ဝင်လှုပ်ရှားသတင်းစကား၊ ရေကြည်ရာ၊ လက်ဖက်ရည်တစ်ခွက်၏ ဒိုင်ယာရီ စသည့် အစီအစဉ်များနှင့် ပတ်သက်၍ လည်းကောင်း၊ မိုးလေဝသနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ အသိပညာပေးအစီအစဉ် ထုတ်လွှင့်မှုဆိုင်ရာများကို လည်းကောင်း၊ သတင်းတု သတင်းမှား တုံ့ပြန်ခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှစ၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ အတွက် စွမ်းရည်မြှင့်သင်တန်းပို့ချမှုနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲနှင့် ပတ်သက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး (ထုတ်လုပ်) ဒေါ်နီလာသန်းက "MRTV နဲ့ BBC Media Action တို့ဟာ ပြန်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေကို ၂၀၁၂ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့တာဖြစ်ပြီး ရှေ့ဆက်ပြီးလည်း ဝန်ထမ်းများအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းတွေ၊ တိုင်းရင်းသားများရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေ၊ ဘာသာစကားနဲ့ ရိုးရာအစားအစာတင်ဆက်မှု အပါအဝင် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး အစီအစဉ်တွေမှာလည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

MRTV နှင့် BBC Media Action တို့သည် ၂၀၁၂ ခုနှစ်မှ စတင်ပြီး MRTV အတွက် သင်တန်းများ ပို့ချပေးခြင်း၊ အစီအစဉ်သစ်များ ထုတ်လွှင့်နိုင်ရန် ကူညီပေးခြင်း၊ ပူးပေါင်းထုတ်လွှင့်ခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် ဆက်လက်၍လည်း အစီအစဉ်သစ်များ ပူးတွဲ ထုတ်လုပ်ရန် အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများ ပြုလုပ်ရန် ညှိနှိုင်းစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မင်းတပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု




**မင်းတပ် ဇူလိုင် ၁**

ချင်းပြည်နယ် မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ယနေ့ နံနက် ၉ နာရီတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ (ဓာတ်ပုံ)

အဆိုပါ မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် လုပ်ငန်းများအနက် မြို့အဝင်မုခ်ဦး တည်ဆောက်ခြင်းလုပ်ငန်း၊ ကျောက်စီရေနုတ်မြောင်း တည်ဆောက်ခြင်းလုပ်ငန်းခုနစ်ခု၊ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း၊ ကျောက်ချော လမ်းခင်းခြင်းလုပ်ငန်း၊ မင်းတပ်မြို့အနောက်ရပ်ကွက် မီးသဂြိုဟ်စက်အဝင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ သုသာန်ဇရပ်တည်ဆောက်ခြင်းနှင့် မီးသဂြိုဟ်စက်အမိုးတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်နိုင်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့က ကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **ခွီရှိန်းမောင်း(ခရိုင်ပြန်/ဆက်)**

# စုပေါင်းလုပ်မှ အကျိုးရှိနိုင်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၀) တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

❐ *ကျော်ဖုံးမှ*

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုအရ လွှတ်တော်ကိုယ်စားလှယ်များအား ကျန်းမာရေးဆေးစစ်မှုခံယူနိုင်ရေးအတွက် ဇူလိုင် ၁၀ ရက်အရောက် နေပြည်တော်သို့ လာရောက်စေ၍ ၁၁ ရက်တွင် နှာခေါင်းတို့ဖတ် (Nasal Swab) ယူကာ စစ်ဆေးမှုခံယူစေပြီး ၁၂ ရက်တွင် ဓာတ်ခွဲစစ်ဆေးမှုအဖြေ ရရှိရေးကို ပူးပေါင်းဆောင်ရွက်ရန် အသိပေးအကြောင်းကြားပြီးဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ လုံခြုံရေး၊ ကျန်းမာရေး၊ သွားလာနေထိုင်ရေး တို့အပါအဝင် လွှတ်တော်အစည်းအဝေးကျင်းပရေးဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ယခုကျင်းပပြုလုပ်မည့် လွှတ်တော်များ၏ (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်နှင့် လုံခြုံရေးနှင့် ကျန်းမာရေးကို အထူးဂရုပြုဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုကော်မတီနာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက မကြာမီကျင်းပမည့် လွှတ်တော်အသီးသီး၏ (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ရန် ယခင် ကျင်းပပြုလုပ်ခဲ့သည့် အစည်းအဝေးများကဲ့သို့ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က လုပ်ငန်းကော်မတီများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များ သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၁၆ / ၂၀၂၀)
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်)

**လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များ သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၆ ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အောက်ပါနေ့ရက်များကို သတ်မှတ် ကြေညာလိုက်သည်-

| | | |
|---|---|---|
| (၁) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက် | ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၀ ရက်) |
| (၂) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆို လပြည့်ကျော် ၄ ရက် (၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၇ ရက်) |
| (၃) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆို လပြည့်ကျော် ၇ ရက် (၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၀ ရက်) |
| (၄) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာများ စိစစ်မည့်နေ့ရက် | ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်မှ ၁၄ ရက်အထိ (၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၁ ရက် မှ ၁၇ ရက် အထိ) |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ၊ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရှိကြောင်း အသိပေးချက် ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၁၇ / ၂၀၂၀)
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်)

**ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ၊ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရှိကြောင်း အသိပေးချက် ထုတ်ပြန်ကြေညာခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) ပါ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် တစ်ဦးဦးသည် တည်ဆဲပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) အရ လည်းကောင်း၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) ပါ ဒုတိယဝန်ကြီးတစ်ဦးဦးသည် တည်ဆဲပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) အရ လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက် တနင်္ဂနွေနေ့၌ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူ ဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန် အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက် ဗုဒ္ဓဟူးနေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကို လည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိပါသည်။

၂။ ထို့အတူ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၊ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တို့သည်လည်း သက်ဆိုင်ရာ တည်ဆဲဥပဒေများအရ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက် တနင်္ဂနွေနေ့၌ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူ ဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက် ဗုဒ္ဓဟူးနေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိပါသည်။

၃။ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အတည်ပြုပြီးသည့်နောက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ပေးပါမည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အမျိုးသားလွှတ်တော်ရုံး Covid-19 ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ လှူဒါန်းမှုအားလက်ခံ

**နေပြည်တော် ဇူလိုင် ၁**

Coronavirus Disease 2019 (Covid-19) ကာကွယ်ရေးအတွက် နှာခေါင်းစည်း (Mask)များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားတွင် ဂျင်းနန် အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အမျိုးသားလွှတ်တော်ရုံးဝန်ထမ်းများအသုံးပြုရန် နှာခေါင်းစည်း (Mask) ၃၀၀၀၀ အား ပေးအပ်လှူဒါန်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**




# မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းတို့ တွေ့ဆုံဆွေးနွေး

**မကွေး ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇွန် ၃၀ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ဒေသတွင်းခရီးသွားလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။




မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

တွေ့ဆုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အဖွင့်အမှာစကားပြောကြားပြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမြင့်အောင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်းမှ ဒုတိယဥက္ကဋ္ဌ(၁) ဦးဇော်ဖြိုးဝေက ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်စိန်က ဆွေးနွေးတင်ပြသည်။

**ဆွေးနွေး**

အဆိုပါ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်၊ ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး၊ တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဝင်များနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းမှ ဒုတိယဥက္ကဋ္ဌ(၁)နှင့် အဖွဲ့ဝင်များ တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ငါန်းဇွန်မြို့နယ် သဖန်းသာကျေးရွာတွင် မြစိမ်းရောင်(ငါးကဏ္ဍ) စီမံကိန်းချေးငွေများဖြင့် လုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်မှု ရှိ၊ မရှိ မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ငါန်းဇွန် ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ငါန်းမြာကျေးရွာအုပ်စု သဖန်းသာကျေးရွာတွင် မြစိမ်းရောင်(ငါးကဏ္ဍ) စီမံကိန်းချေးငွေများဖြင့် လုပ်ငန်းများ အမှန်တကယ် လည်ပတ်ဆောင်ရွက်မှု ရှိ/မရှိကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ မြေပြင်ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးပေါ်လွင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝေဝေနှင့် ဝန်ထမ်းများသည် သဖန်းသာကျေးရွာ၌ မြစိမ်းရောင်ကော်မတီဝင်များနှင့်အတူ ဇွန် ၄ ရက်က ဆဋ္ဌမအကြိမ်မြောက် မြစိမ်းရောင်(ငါးကဏ္ဍ)စီမံကိန်းချေးငွေ ထုတ်ချေးခဲ့ကြသော ရေလုပ်ငန်းလုပ်ကိုင်သူဦးရေ ၇၀၊ အရောင်းအဝယ် လုပ်ကိုင်သူဦးရေ ၁၁၂ ဦး၊ စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူ ၄၅ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၂၀ နှင့် စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ စုစုပေါင်း ၂၅၀ တို့သည် အဆိုပါထုတ်ချေးငွေများဖြင့် လုပ်ငန်းများ အမှန်တကယ် လည်ပတ်ဆောင်ရွက်မှုရှိ/မရှိ မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက် လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက် လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**မိုး/ဇလ**

# မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၆၇ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇူလိုင် ၁**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၆၇ ဦး မြဝတီအမှတ် (၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။



ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀ ဝင်ရောက်ပြီး ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ၂ ရက်တွင် ၁၅၁၇ ဦး၊ ၃ ရက်တွင် ၁၅၄၇ ဦး၊ ၄ ရက်တွင် ၁၂၀၄ ဦး၊ ၅ ရက်တွင် ၁၁၉၀၊ ၆ ရက်တွင် ၁၇၈၄ ဦး၊ ၇ ရက်တွင် ၁၆၃၅ ဦး၊ ၈ ရက်တွင် ၉၄၆ ဦး၊ ၉ ရက်တွင် ၁၀၉၄ ဦး၊ ၁၀ ရက်တွင် ၉၉၄ ဦး၊ ၁၁ ရက်တွင် ၆၇၀၊ ၁၂ ရက်တွင် ၈၂၃ ဦး၊ ၁၃ ရက်တွင် ၇၇၅ ဦး၊ ၁၄ ရက်တွင် ၆၀၀၊ ၁၅ ရက်တွင် ၅၀၆ ဦး၊ ၁၆ ရက်တွင် ၆၄၄ ဦး၊ ၁၇ ရက်တွင် ၈၇၇ ဦး၊ ၁၈ ရက်တွင် ၆၉၈ ဦး၊ ၁၉ ရက်တွင် ၄၉၄ ဦး၊ ၂၀ ရက်တွင် ၆၅၇ ဦး၊ ၂၁ ရက်တွင် ၆၄၂ ဦး၊ ၂၂ ရက်တွင် ၈၄၈ ဦး၊ ၂၃ ရက်တွင် ၅၂၇ ဦး၊ ၂၄ ရက်တွင် ၅၉၇ ဦး၊ ၂၅ ရက်တွင် ၃၉၈ ဦး၊ ၂၆ ရက်တွင် ၅၅၅ ဦး၊ ၂၇ ရက်တွင် ၆၃၄ ဦး၊ ၂၈ ရက်တွင် ၃၆၆ ဦး၊ ၂၉ ရက်တွင် ၆၀၈ ဦး၊ ၃၀ ရက်တွင် ၄၆၅ ဦး ဝင်ရောက်ခဲ့သည်။ ဇူလိုင် ၁ တွင် ၆၆၇ ဦး၊ စုစုပေါင်း ၃၇၆၈၅ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၃၈၄ ဦး၊ အမျိုးသမီး ၂၈၃ ဦး စုစုပေါင်း ၆၆၇ ဦး ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

ထိုသို့ပေးအပ်ရာတွင် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အမှတ်(၁)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်နှင့် မိုင်းဇင်းကျေးရွာအုပ်စုရှိ ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စုများကို အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် အိမ်တိုင်ရာရောက်သွားရောက်ထောက်ပံ့ ပေးအပ်သည်။

ထို့အတူ ကျိုင်းတုံမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာ ၃၅ အုပ်စုမှ အိမ်ထောင်စု ၅၀၂၂ စုကို အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၇၅၃၃၀၀၀၀ အား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆက်လက်ထောက်ပံ့ ပေးအပ်လျက်ရှိကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

# ပြည်သူ့သာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး ကော်မတီအစည်းအဝေးတက်ရောက်

**နေပြည်တော် ဇူလိုင် ၁**

"ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ" ၏ (၂/၂၀၂၀) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကော်မတီအစည်းအဝေးသည် မတ် ၄ ရက်တွင် ဆောင်ရွက်ခဲ့သည့် (၁/၂၀၂၀) အစည်းအဝေးအပြီး ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါဖြစ်ပွားနေမှုကြောင့် ယခုအချိန်မှ ပြန်လည်ခေါ်ယူကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ (Central Provident Fund-CPF) အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်းပြီး နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ (၁/၂၀၂၀) အစည်းအဝေးတွင် CPF ကိစ္စကို တင်ပြဆွေးနွေး၍ အထက်အကြီးအကဲများထံမှ လမ်းညွှန်မှုခံယူပြီး ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုလာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း။

### ပူးပေါင်းချိတ်ဆက်

ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဥပဒေ (မူကြမ်း) ကို အတွင်းရေးမှူးရုံးဖြစ်သည့် ပင်စင်ဦးစီးဌာနမှ ကိုဗစ်-၁၉ ကာလအတွင်း သက်ဆိုင်ရာ ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ မိမိတို့ ဝန်ကြီးဌာနလက်အောက်မှ ဌာနအဖွဲ့အစည်းများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့နှင့် ပူးပေါင်းချိတ်ဆက်ပြီး ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ရာ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေ ဆဋ္ဌမမူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အပြီးသတ်သဘောထားမှတ်ချက် ရရှိပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ယခုဇူလိုင်လအတွင်း လွှတ်တော်သို့ ပေးပို့တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝိုင်းဝန်းဆောင်ရွက်ပေးကြသော ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဆက်စပ်ဌာနများအားလုံးကို အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း။

### ဝိုင်းဝန်းကူညီဆောင်ရွက်

ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ဆောင်ရွက်နေမှုသည် ဝန်ထမ်းများ၏ နောင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေသည်ဟု ခံယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လိုအပ်သောအချက်အလက်များကိုလည်း အတွင်းရေးမှူးရုံးမှ ကြိုတင်ကောက်ယူ ပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းပြီးပါက နည်းဥပဒေ ထုတ်ပြန်နိုင်ရေးကိုလည်း သက်ဆိုင်ရာ ကော်မတီဝင်များ၊ ဥပဒေကြမ်းပြုစုရေး ဆပ်ကော်မတီဝင်များ အနေဖြင့် ဆက်လက်ပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံ့ဝန်ထမ်းပင်စင်စနစ်ကို လက်ရှိအကျိုးခံစားခွင့်များထက် ပိုမိုပေးအပ်နိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မာမှုရှိသော ရန်ပုံငွေစနစ်ဖြစ်ရေးအတွက် မွန်မြတ်သော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် အားလုံးအတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခင်အစည်းအဝေးနှင့် ယခုအစည်းအဝေးကြားကာလတွင် အကောင်အထည်ဖော်မည့်ပုံစံနှင့် ပတ်သက်၍ အဆင့်ဆင့် တင်ပြလမ်းညွှန်မှုခံယူခဲ့ပြီးဖြစ်၍ အကောင်အထည်ဖော်ဆောင်မည့် အချိန်ဇယား (Time Frame) အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း "ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ" ၏ (၂/၂၀၂၀) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

မိမိတို့ကော်မတီသို့ ပေးအပ်ထားသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပြီးစီးမှုအား ပြန်လည်သုံးသပ်ရမည်ဆိုလျှင် လက်ရှိနိုင်ငံ့ဝန်ထမ်း ပင်စင်စနစ်၊ လူမှုဖူလုံရေးစနစ်နှင့် သက်ကြီးရွယ်အို ထောက်ပံ့မှုစနစ်များအရ မြန်မာနိုင်ငံနှင့် သင့်လျော်သည့် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေပုံစံမူကြမ်း ဖော်ဆောင်ခြင်း၊ နိုင်ငံတကာ အတွေ့အကြုံရှိ အတိုင်ပင်ခံပုဂ္ဂိုလ်များ ရှာဖွေ၍ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဥပဒေ ရေးဆွဲနိုင်ရန် ပါဝင်ရမည့်အခြေခံမူဝါဒများ ချမှတ်ခြင်း၊ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေအတွက် ဆက်လက်အကောင်အထည်ဖော်နိုင်သည့် Master Plan နှင့် Action Plan ရေးဆွဲခြင်း၊ Master Planနှင့် Action Plan များအရ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

### လျင်မြန်စွာဆောင်ရွက်

ကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးနောက် ကော်မတီအစည်းအဝေးပေါင်း (၆) ကြိမ်၊ ဆပ်ကော်မတီအစည်းအဝေးပေါင်း များစွာကိုလည်း အကြိမ်ကြိမ်ခေါ်ယူကျင်းပခဲ့ပြီး အကောင်အထည်ဖော်ဆောင်မည့် Modelနှင့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေမူကြမ်းကို တိုးတက်အောင် ပြုစုခဲ့ကြပါကြောင်း၊ ပင်စင်စနစ်ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရေး တင်ပြမှုအား နိုင်ငံတော်သမ္မတရုံးမှ လျင်မြန်စွာဆောင်ရွက်ရန်ဟု ညွှန်ကြားခဲ့ပါကြောင်း၊ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်မှု ငွေစာရင်းခေါင်းစဉ်ဖြင့် ရန်ပုံငွေထည့်သွင်းလျာထားခြင်းနှင့် ပင်စင်စနစ် ပြုပြင်ပြောင်းလဲရန်အတွက် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး အစီအစဉ်နှင့် လုပ်ငန်းစဉ်တို့အား ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှလည်း သဘောတူခွင့်ပြုချက်ရရှိခဲ့ပြီး ဖြစ်ပါကြောင်း။

၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်မှစ၍ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေသို့ ထည့်ဝင်ငွေ လျာထားခြင်း၊ အကောင်အထည်ဖော်ရေး အစီအစဉ်နှင့် လုပ်ငန်းစဉ်တို့ကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အကောင်အထည်ဖော်မည့်ပုံစံနှင့် အညီ ပြုစုထားသည့် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ ဥပဒေ(မူကြမ်း) ကို ရေးဆွဲပြုစုထားပါကြောင်း၊ ယခုအခါ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ အချိန်မီတင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

### ဆက်လက်ကူညီပေး

ဝန်ထမ်းများအကြား ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်မည့် အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်စေရေးအတွက် အသိပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လည်း လိုအပ်ကြောင်း၊ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဥပဒေ (မူကြမ်း) အဆင့် ရောက်ရှိပြီးဖြစ်သော်လည်း ဆက်လက်ပြီး နည်းဥပဒေများ ထုတ်ပြန်နိုင်ရေးနှင့် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေအား စနစ်တကျ လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် အကြံဉာဏ်ကောင်းများဖြင့် ဆက်လက်ကူညီပေးနိုင်ရေး မေတ္တာရပ်ခံလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး ကော်မတီ အတွင်းရေးမှူး၊ ပင်စင်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်မှုဆိုင်ရာ ကြိုတင်ဆောင်ရွက်ချက်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဥပဒေ (မူကြမ်း) ရေးဆွဲပြီးစီးမှုအခြေအနေတို့အား ရှင်းလင်းတင်ပြသည်။

### ဝိုင်းဝန်းအကြံပြုဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဆက်အောင်၊ ဒေါက်တာမင်းရဲပိုင်ဟိန်းနှင့် ကော်မတီဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဟားခါးမြို့ မြို့ပြစီမံကိန်း ဇရိယာ ၆၇၆ ကေအတွင်းရှိ မြေကွက်များ ပြည်သူများထံ ပေးအပ်



**ဟားခါး ဇူလိုင် ၁**

ဟားခါးမြို့ မြို့ပြစီမံကိန်း ဇရိယာ ၆၇၆ ကေအတွင်းရှိ မြေကွက်များအား ပြည်သူများထံ မြေနေရာ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် တက်ရောက် အမှာစကား ပြောကြားသည်။ (ဓါတ်ပုံ)

### ရှင်းလင်းတင်ပြ

ဆက်လက်၍ မြို့ပြစီမံကိန်း ကော်မတီဥက္ကဋ္ဌ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်က မြို့ပြစီမံကိန်းဆိုင်ရာများနှင့် ပတ်သက်၍လည်းကောင်း၊ မြေကွက်ချထားရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးက မြေကွက်နေရာချထားရေးဆိုင်ရာများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်း ဆွေးနွေးကြပြီးနောက် မြေကွက်ချထားရေး လုပ်ငန်းစဉ် အဆင့်ဆင့်ကို မြို့မိမြို့ဖ ဦးအုပ်နောလ်က ရှင်းလင်းတင်ပြသည်။

### ထပ်မံပေးအပ်သွားမည်

အဆိုပါ မြေနေရာချထားရေးကို ပေ ၁၀၀ ပတ်လည်၊ ပေ ၈၀ ပတ်လည်၊ ပေ(၈၀ x ၆၀)၊ ပေ(၆၀ x ၄၀)ဖြင့် အတန်းအစားလေးမျိုးသတ်မှတ်ပြီး ကော်မတီ၏ သတ်မှတ်နှုန်းထားဖြင့် ဦးစားပေး အဆင့်အလိုက် မဲစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကာ ဇွန် ၁ ရက်မှ ဇွန် ၃ ရက်အထိ ယခုအကြိမ်တွင် အိမ်ထောင်စု ၄၃၇ စုအတွက် ပထမအကြိမ် မြေနေရာချထားပေးခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ မြေနေရာမရရှိကြသည့် အိမ်ထောင်စုဝင်များအား မြေနေရာများ ထပ်မံ ပေးအပ်သွားမည်ဖြစ်ကြောင်း မြေကွက်ချထားရေး ကော်မတီထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အမျိုးသမီးခေါင်းဆောင်များနှင့် ကိုဗစ်-၁၉ အကျပ်အတည်း

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

**ကိုဗစ်-၁၉ ကပ်ရောဂါကြီးကို တစ်ကမ္ဘာလုံးက အပြင်းအထန်ခုခံကာကွယ်နေရချိန်တွင် နိုင်ငံနှစ်ခုက ထိုကပ်ရောဂါကြီးကို အောင်မြင်စွာတိုက်ထုတ်နိုင်ခဲ့ပြီဟု ကြေညာခဲ့သည်။ နယူးဇီလန်နှင့် အိုက်စလန်နိုင်ငံတို့ ဖြစ်ကြသည်။ ထိုနိုင်ငံတို့၏ ခေါင်းဆောင်များသည် အမျိုးသမီးများဖြစ်ကြပါသည်။ ကိုဗစ် - ၁၉ ကပ်ရောဂါကြီးကို (ရောဂါပိုးစမ်းသပ်ခြင်း၊ ကာကွယ်ကုသခြင်း၊ သေဆုံးမှုအနည်းဆုံး ဖြစ်စေခြင်း) စသည့် အကောင်းဆုံးဆောင်ရွက်နေနိုင်သည့် ထိပ်တန်းနိုင်ငံ ၁၀ ခုတွင် ဂျာမနီ၊ ဖင်လန်၊ နော်ဝေ၊ ဒိန်းမတ်၊ အက်စ်တိုးနီးယားစသည့်နိုင်ငံတို့လည်း ပါဝင်နေပြီး ယင်းနိုင်ငံများတွင်လည်း အမျိုးသမီးခေါင်းဆောင်များဖြစ်နေသည်ကို တွေ့ရပါသည်။ အမေရိကနှင့် ဥရောပရှိ နိုင်ငံကြီးများက ကပ်ရောဂါကြီးကို အပြင်းအထန်ခုခံနေရချိန်တွင် အမျိုးသမီးများခေါင်းဆောင်သည့် နိုင်ငံငယ်လေးများက စောစီးစွာ အောင်ပွဲခံပြလိုက်ခြင်းက စိတ်ဝင်စားဖွယ်ဖြစ်သည်။**


ဒေါ်အောင်ဆန်းစုကြည်


အင်ဂျလာမာကယ်လ်
(ဂျာမနီ)


မက်တီ ဖရီဒါရင်စကင်
(ဒိန်းမတ်)


ကာထရင် ဂျာကော့ဗ်စ်ဒိုတာ (အိုက်စလန်)


ဆင်နာမာရင် (ဖင်လန်)


ဂျာစင်ဒါအာဒန်(နယူးဇီလန်)

**နယူးဇီလန်နိုင်ငံ**

၁၁-၅-၂၀၂၀ ရက်နေ့က နယူးဇီလန်နိုင်ငံ၏ဝန်ကြီးချုပ်ဖြစ်သူ ဂျာစင်ဒါ အာဒန်က ကိုဗစ်-၁၉ အပေါ် အောင်နိုင်လိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ တစ်နိုင်ငံလုံးကညီညာစွာ ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကိုရိုနာဗိုင်းရပ်စ်ကို ထိန်းချုပ်နိုင်ခဲ့ရုံမက ရှင်းလင်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၅ ရက်နေ့ကတည်းက ကန့်သတ်ပိတ်ဆို့ထားမှုများကိုလည်း အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း တစ်နိုင်ငံလုံးကို အသိပေးလိုက်ပါသည်။ ဝန်ကြီးချုပ်၏ ဦးဆောင်အောင်မြင်မှုသည် ကမ္ဘာ့အကျပ်အတည်းကြီးကို အံ့အားသင့်စရာ ကောင်းလောက်အောင် ကျော်ဖြတ်နိုင်ခြင်းအတွက် တစ်ကမ္ဘာလုံးက လေးစားယုံကြည်ဖွယ်ဖြစ်သွားစေခဲ့ပါသည်။ အထူးသဖြင့် အမျိုးသမီးခေါင်းဆောင်တို့၏ ဦးဆောင်နိုင်မှုကို မီးမောင်းထိုးပြလိုက်ခြင်းလည်းဖြစ်ပါသည်။ နယူးဇီလန်ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန်က Four-Level Alert System-Prepare, Reduce, Restrict, Eliminate "ပြင်ဆင်၊ လျှော့ချ၊ တင်းကျပ်၊ အပြတ်ချေမှုန်း"ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ထား ဆောင်ရွက်ခဲ့သည်။ ပထမဆုံးပိုးတွေ့လူနာမသေဆုံးခင် လေးရက်အလိုကတည်းက Lockdown ချထားလိုက်ပြီး ပြတ်သားစွာဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှ ဇွန်လ ၂၅ ရက်နေ့အထိ ပိုးတွေ့လူနာ ၁၅၁၉ ဦး၊ သေဆုံးသူ ၂၂ ဦးရှိခဲ့သည်။ ဝန်ကြီးချုပ် အာဒန်သည် နယူးဇီလန်နိုင်ငံ၏ အကျပ်အတည်းကာလမှာ ခေါင်းဆောင်ဖြစ်လာခဲ့သူဖြစ်သည်။ ၂၀၁၇ ခုနှစ်မှာ လူကြိုက်နည်းသော ပါတီခေါင်းဆောင် နုတ်ထွက်သွားသဖြင့် အတိုက်အခံလေဘာပါတီခေါင်းဆောင်ဖြစ်လာခဲ့သည်။ ထို့နောက် နှစ်လအတွင်းမှာပင် နှစ်ပေါင်း ၁၅၀ အတွင်း နယူးဇီလန်နိုင်ငံ၏ အသက် ၃၉ နှစ်ရှိ အသက်အငယ်ဆုံးဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

**ဂျာမနီနိုင်ငံ**

အလားတူပင် ဂျာမနီနိုင်ငံခေါင်းဆောင်ဝန်ကြီးချုပ် အင်ဂျလာမာကယ်လ်ကလည်း ဥရောပတွင် ကိုဗစ်-၁၉ ကြောင့် အထိနာနေကြသော ဗြိတိန်၊ အီတလီ၊ စပိန်၊ ပြင်သစ်နိုင်ငံတို့ထက် အသေအပျောက်နည်းအောင် ဦးဆောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ထူးချွန်သော အမျိုးသမီးခေါင်းဆောင်တစ်ဦးအဖြစ် အသိအမှတ်ပြုခံခဲ့ရပါသည်။ ၎င်း၏ဆောင်ရွက်မှုများကို "The Good, the Bad and The Ugly" ဟူ၍ မီဒီယာ ORF(Odserver Research Foundation)မှ Amrita Narlikar ဆိုသူက ရေးထားသည်ကို တွေ့ရပါသည်။ ၎င်း၏ဆောင်ရွက်မှုများတွင် ကောင်းတာရော၊ ဆိုးတာပါတွေ့ရသော်လည်း တကယ်တမ်း ကိုဗစ်ကြီးကို ကောင်းစွာထိန်းချုပ်နိုင်ခဲ့သည်ကိုတွေ့ရသောကြောင့် ဖြစ်သည်။ ဂျာမနီမှာ လူအသေအပျောက်နည်းအောင် လုပ်နိုင်ခဲ့သည်။ စီးပွားရေးအရ အခြားနိုင်ငံများကဲ့သို့ အထိမနာအောင် လုပ်ပေးနိုင်ခဲ့သည်။ နိုင်ငံရေးအရ ဒီမိုကရက်တစ် အင်စတီကျူးရှင်းများသည် အများထင်သလို မယိမ်းယိုင်သွားခဲ့။ ထိုသုံးချက်သည် မာကယ်လ်၏ ထူးခြားသောဆောင်ရွက်နိုင်မှု ဖြစ်သည်ဟု ဆိုသည်။ စပိန်မှာသေဆုံးသူ ၂၇၆၅၀၊ အီတလီမှာ ၃၁၇၆၃ ဦး၊ ယူကေနိုင်ငံတွင် ၃၄၄၆၆ ဦး၊ အမေရိကန်တွင် ၉၀၁၄၂ ဦး စသည်ဖြင့် သေဆုံးနေရချိန်တွင် ဂျာမနီမှာ ၈၀၂၇ ဦးသာ သေဆုံးခဲ့သည်။ အစိုးရက စစ်ဆေးမှုများကို ကျယ်ပြန့်စွာ လုပ်ဆောင်ခဲ့ပြီး လူအများကလည်း လိုက်နာခဲ့သည်။ ဇန်နဝါရီလလယ်ကတည်းက ပိုးစစ်ဆေးမှုများလုပ်ခဲ့ပြီး ဖေဖော်ဝါရီလတွင် အရည်အသွေးမြင့် test kits များထုတ်လုပ်ကာ စစ်ဆေးခဲ့သည်။ ဥရောပ၏ ကိုဗစ်-၁၉ လှိုင်းလုံးကြီးထဲတွင် "German Exception is Medical Preparedness" ဂျာမန် တို့ လူးလိမ့်ပါမသွားရခြင်းမှာ ဆေးပညာအရ ကြိုတင်ပြင်ဆင်မှု ကောင်းလွန်းခြင်းကြောင့်ဟု ဆိုသည်။

**ဖင်လန်နိုင်ငံ**

ဖင်လန်နိုင်ငံဝန်ကြီးချုပ် ဆင်နာမာရင်သည် အသက် ၃၄ နှစ်သာရှိသေးပြီး ဆိုရှယ်ဒီမိုကရက်တစ်ပါတီကို ဦးဆောင်ကာ အမျိုးသမီးများခေါင်းဆောင်သည့် နိုင်ငံရေးပါတီကြီးလေးခုနှင့် ပူးပေါင်းပြီး အစိုးရဖွဲ့နိုင်ခဲ့ပါသည်။ လူဦးရေ ၅၅၂၈၇၃၄ ဦးရှိသည့် ဖင်လန်နိုင်ငံကို ကိုဗစ်- ၁၉ ကပ်ရောဂါကြီးတွင် အိမ်နီးချင်း ဆွီဒင်နိုင်ငံထက် လူသေနှုန်း ၁၀ ရာခိုင်နှုန်းလျော့အောင် ဆောင်ရွက်နိုင်ခဲ့သည်။

**အိုက်စလန်နိုင်ငံ**

အိုက်စလန်နိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်သူ **ကာထရင် ဂျာကော့ဗ်စ်ဒိုတာ**သည် အသက်(၄၄) နှစ်သာရှိသေးပြီး လူဦးရေ ၃၆၄၁၃၄ ဦးရှိသည့် သူ့နိုင်ငံကို ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခံရမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် အသိအမှတ်ပြုခံရသူ နိုင်ငံ့ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ၎င်းသည် Left Green Party ကို ဦးဆောင်နေပြီး ၁၉-၂- ၂၀၂၀ ရက်နေ့က Council of Women Word leaders ကမ္ဘာ့အမျိုးသမီးခေါင်းဆောင်များ ကောင်စီတွင် အကြီးအကဲအဖြစ် ခန့်အပ်ခံရသူဟုလည်း သိရပါသည်။ ပိုးတွေ့သူ ၁၈၃၀၊ သေဆုံးသူ ၁၀ ဦးရှိပြီး ရောဂါပိုးစတင်တွေ့ရှိချိန်မှာ ၂၈-၂-၂၀၂၀ ရက်နေ့ဖြစ်ပြီး သုံးလနှင့် ရက်သတ္တလေးပတ်အကြာတွင် အောင်နိုင်ခဲ့သည်ဟု သိရသည်။

**ဒိန်းမတ်နိုင်ငံ**

လူဦးရေ ၅ ဒသမ ၈ သန်းရှိ ဒိန်းမတ်နိုင်ငံ၏ ဝန်ကြီးချုပ်မှာ အသက် ၄၂ နှစ်ရှိ **မက်တီ ဖရီဒါရင်စကင်**ဖြစ်သည်။ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ၏အကြီးအကဲဖြစ်ပြီး အခြားပါတီကြီးငါးခု၏ ထောက်ခံမှုကိုလည်း ရရှိထားသူ ဖြစ်သည်။ ၎င်း၏အစိုးရအဖွဲ့တွင် ဝန်ကြီးနေရာ ၂၀ အနက် အမျိုးသမီးဝန်ကြီး ခုနစ်နေရာရှိပြီး အများစုမှာ ပျမ်းမျှအသက် ၄၁ နှစ် ဖြစ်သဖြင့် နုပျိုသောအစိုးရအဖွဲ့ Youthful Government ဟုဆိုကြသည်။ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၁၂၂၉၄ ဦး (၁၇-၆-၂၀၂၀ ရက်နေ့အထိ) ရှိပြီး သေဆုံးသူ ၅၉၈ ဦးရှိခဲ့သည်။ မတ်လ ၁၃ ရက်နေ့ကတည်းက ကန့်သတ်ပိတ်ဆို့မှုပြုလုပ်ခဲ့ပြီး ဥရောပတွင် အရင်ဆုံး ကန့်သတ်ပိတ်ဆို့မှုပြုလုပ်သည့် နိုင်ငံများတွင် ပါဝင်ခဲ့သည်။ TTP ခေါ်ပိုးစစ်ဆေးခြင်း၊ ကုသခြင်း၊ ကာကွယ်ခြင်းများကို ကောင်းစွာဆောင်ရွက်နိုင်ခဲ့သဖြင့် အောင်မြင်သည်ဟု အသိအမှတ်ပြုကြသည်။

**မြန်မာနိုင်ငံ**

ကိုရိုနာဗိုင်းရပ်စ်အသစ်တစ်မျိုး တရုတ်ပြည်မှာ စဖြစ်နေပြီဆိုကတည်းက အချို့သော နိုင်ငံတို့က သတိမူပြင်ဆင်ခဲ့ကြသည်။ အချို့က ပေါ့ပေါ့တန်တန်သာ သဘောထားခဲ့ကြသည်။ မြန်မာနိုင်ငံကမူ ၄-၁-၂၀၂၀ ရက်နေ့ကတည်းက စတင်ပြင်ဆင်ခဲ့သည်။

ကိုဗစ်- ၁၉ သည် ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပြီး ကမ္ဘာ့ကပ်ရောဂါတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(WHO) က ၁၁-၃-၂၀၂၀ ရက်နေ့တွင် ကြေညာခဲ့ပါသည်။ ထိုရောဂါစတင်ဖြစ်ပွားရာ ၂၀၁၉ ခုနှစ်ကုန်ပိုင်းကပင် မြန်မာနိုင်ငံရှိ တာဝန်ရှိသူများက သတိပြုလေ့လာနေခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၄-၁-၂၀၂၀ ရက်နေ့မှစကာ အလေးထားဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်နိုင်ရေး ဘက်စုံဆောင်ရွက်နိုင်ရန် ၁၃- ၃- ၂၀၂၀ ရက်နေ့က Corona Virus Disease 2019(COVID- 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး အခြားလိုအပ်သော ကော်မတီအသီးသီးကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ထိုသို့သတိပြုအသင့်အနေအထားဖြင့် နေခဲ့သော်လည်း ၂၃-၃-၂၀၂၀ ရက်နေ့တွင် ပိုးတွေ့လူနာနှစ်ဦးကို စတင်တွေ့ရှိခဲ့ပါသည်။

**"ကပ်ရောဂါကြီးစတင်ချိန်က နိုင်ငံကြီးအချို့၏ ခေါင်းဆောင်အချို့က သာမန်အအေးမိဖျားနာမှုမျိုး၊ မကြာခင်မှာ ကောင်းသွားမှာပါဟုသာ သဘောထားခဲ့ကြသဖြင့် မထိန်းနိုင်၊ ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရသည်။ သို့သော် အမျိုးသမီးခေါင်းဆောင်အချို့တို့က ထူးခြားစွာ စွမ်းဆောင်နိုင်ကြသည်။ အကျပ်အတည်းကာလများမှာ အမျိုးသမီးတို့က ပိုမိုစွမ်းဆောင်နိုင်လားဟု စဉ်းစားဖွယ်ဖြစ်"**

*စာမျက်နှာ ၇ သို့*

# ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ (၃၂)ကြိမ်မြောက် အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁



**ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ (၃၂) ကြိမ်မြောက် အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေး (32nd Commission for East Asia & the Pacific(CAP)–Commission for South Asia (CSA) Joint Meeting)ကို ဇွန် ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် Video Conferencing ဖြင့် ကျင်းပသည်။ (ယာပုံ)**

အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ် (UNWTO) အဖွဲ့ဝင်နိုင်ငံ ၁၇ နိုင်ငံမှ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ၊ မိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဟောင်ကောင်၊ မကာအို အထူးအုပ်ချုပ်ခွင့်ရဒေသရှိ တက္ကသိုလ်များမှ ကျောင်းအုပ်ကြီးများ၊ UNWTO မှ အဆင့်မြင့်အရာရှိကြီးများ Online မှ ပါဝင် တက်ရောက်ကြသည်။

အစည်းအဝေး၌ UNWTO မှ Secretary General ဖြစ်သူ Mr. Zurab Pololikashvili က ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေမှု တုံ့ပြန်နိုင်ရန်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ကနဦးဆောင်ရွက်မှုများ၊ လှုပ်ရှားမှုများနှင့် ပတ်သက်သော အစီရင်ခံစာကို ရှင်းလင်းတင်ပြခြင်း၊ အာရှပစိဖိတ်နိုင်ငံများတွင် ကိုဗစ်-၁၉ အလွန် နိုင်ငံတကာခရီးသွားများကို ပြန်လည်ဖွင့်လှစ်မည့်အခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ CAP-CSA အဖွဲ့ဝင်နိုင်ငံများမှ ကိုဗစ်-၁၉ အား တုံ့ပြန်သည့် မူဝါဒဆိုင်ရာများကို ရှင်းလင်းတင်ပြခြင်း၊ ရင်းနှီးမြှုပ်နှံမှု၊ တီထွင်ဆန်းသစ်မှုများနှင့် နည်းပညာဆိုင်ရာများနှင့် ကမ္ဘာလှည့်ခရီးသွားများ၏ ယုံကြည်စိတ်ချမှုများ ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာ အကြောင်းအရာများကို ခရီးသွားလုပ်ငန်းမှ ကျွမ်းကျင်ပညာရှင်များက ရှင်းလင်းတင်ပြခြင်းနှင့် ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းအပေါ် ကိုဗစ်-၁၉ သက်ရောက်မှုများကို လျှော့ချနိုင်ရေးဆောင်ရွက်ထားရှိမှုများ၊ ကိုဗစ်-၁၉ ဆိုင်ရာ ခရီးသွားလုပ်ငန်းကုစားမှု အစီအစဉ်ကို နိုင်ငံတော်ဘတ်ဂျက်ကို အသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ COVID-19 Myanmar Tourism Strategic Road Map အရ ခရီးသွားလုပ်ငန်း ပြန်လည်မြှင့်တင်နိုင်ရေးအတွက် ဆက်လက်ရပ်တည်နိုင်ရေး၊ ပြန်လည်ဖွင့်လှစ်ခြင်းနှင့် ပြန်လည်မိတ်ဆက်ခြင်းဟူ၍ မဟာဗျူဟာအဆင့် (၃) ဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ပါဝင်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ရန်ကုန် - ဥက္ကံ RBE ရထား ပြန်လည်ပြေးဆွဲ

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်ဘူတာကြီးမှ ဥက္ကံဘူတာသို့ပြေးဆွဲသည့် RBE ရထားကို ဇူလိုင် ၁ ရက်မှစတင်ပြီး ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဥက္ကံ ၊ ဖလုံ၊ တိုက်ကြီး၊ သနပ်ချောင်းတို့မှ ခရီးသွားပြည်သူများ ရန်ကုန်မြို့သို့ သွားရောက်ရာတွင် အဆင်ပြေစွာ စီးနင်းလိုက်ပါသည့် ရန်ကုန် – ဥက္ကံ RBE ရထားခရီးစဉ်ကို ဈေးနှုန်းပြောင်းလဲခြင်းမရှိဘဲ ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၆၀၀ ဖြင့် လိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။

အမှတ် (၆၆) အစုန်ရထားသည် ဥက္ကံဘူတာမှ နံနက် ၆ နာရီတွင် ထွက်ခွာပြီး ရန်ကုန်ဘူတာကြီးသို့ နံနက် ၉ နာရီ ၃၅ မိနစ်တွင်ရောက်ရှိမည်ဖြစ်သည်။ အမှတ် (၆၅) အဆန်ရထားသည် ရန်ကုန်ဘူတာကြီးမှ ညနေ ၄ နာရီ မိနစ် ၃၀ တွင် ထွက်ခွာပြီး ဥက္ကံဘူတာသို့ ည ၈ နာရီ ၁၀ မိနစ်တွင် ရောက်ရှိကာ ညအိပ်ရပ်နားမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ် – ၁၉ ရောဂါ မဖြစ်ပွားခင်ကာလက အဆိုပါရထားခရီးစဉ်တွင် တစ်ရက်လျှင် အစုန်အဆန်ခရီးသည် ပျမ်းမျှတစ်ထောင်ခန့် စီးနင်းလိုက်ပါကြသည်။ ရောဂါဖြစ်ပွားပြီးနောက် သွားလာမှုကန့်သတ်ထိန်းချုပ်ခြင်းကြောင့် ဧပြီ ၁၀ ရက်မှစတင်ပြီး ရန်ကုန် – ဥက္ကံ RBE ရထားခရီးစဉ်ကို ယာယီရပ်နားခဲ့သည်။

ရန်ကုန် – ဥက္ကံ RBE ရထားခရီးစဉ်ပြေးဆွဲခြင်းကြောင့် လက်ယာရစ် ရန်ကုန်မြို့ပတ်ရထားနှင့်ရန်ကုန်အင်းစိန်ရထားအချိန်များကို အနည်းငယ်ပြောင်းလဲထားပြီး ရထားအချိန်စာရင်းများကို သက်ဆိုင်ရာဘူတာများတွင် ကြေညာထားကြောင်း သိရသည်။ **အောင်သူရ**

---

*စာမျက်နှာ ၆ မှ*

ထို့ကြောင့် နိုင်ငံတွင်း ကပ်ရောဂါပိုးရှိနေပြီမှာ သေချာသွားပြီဖြစ်ပါသည်။ ကူးစက်ခံရသူများအား စောစီးစွာရှာဖွေဖော်ထုတ်ကုသမှုပေးနိုင်ရန်နှင့် ထိုသူတို့၏မိသားစုဝင်များ၊ မိတ်ဆွေများ၊ အနီးအနားရှိနေခဲ့သူများသာမက ပြည်သူလူထုအတွင်းအထိ မကူးစက် မပျံ့နှံ့နိုင်စေရန်၊ ပြည်ပမှဝင်လာသူများ၊ အတည်ပြု ပိုးတွေ့လူနာနှင့် အနီးကပ်ထိတွေ့နေလာခဲ့သူများသည် ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါပိုးရှိနေ၊ သယ်ဆောင်နေနိုင်သူဖြစ်နိုင်သဖြင့် မပျံ့နှံ့စေရန် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာတစ်ခုခုတွင် ၂၁ ရက် အသွားအလာကန့်သတ်ထားပြီး စောင့်ကြည့်ခဲ့သည်။ ထိုသွားလာကန့်သတ်စောင့်ကြည့်ရေးစင်တာများ၏ ဆောင်ရွက်မှုများကြောင့် ရောဂါပြန့်ပွားမှုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့သည်ကို တွေ့နိုင်ပါသည်။ အမျိုးသားအဆင့်စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၅ ရက်နေ့က သမ္မတရုံးအမိန့်ဖြင့် ဖွဲ့စည်းခဲ့သည်။ သွားလာကန့်သတ်စောင့်ကြည့်ရေး စင်တာများတွင် တာဝန်ယူဆောင်ရွက်ကြမည့် စေတနာရှင်များ၏ "အား" ကို အထူးအသုံးချနိုင်ခဲ့သည်။ လက်ရှိအခြေအနေမှာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းပေါင်း ၉၉၇၁ ခုရှိနေပြီး အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းဝင်နေသူပေါင်း ၄၆၆၆၃ ဦးရှိနေကြောင်း သိရသည်။ စေတနာ့ဝန်ထမ်းအင်အားသည် လက်ရှိအချိန်အထိ ၄၅၂၁၃ ဦး ရှိနေပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကပ်ရောဂါ ကြီးကို ခုခံကြရာတွင် "Local Epidemio-lpgy" မိမိတို့၏ မြေပြင်အခြေအနေအပေါ် မူတည်ပြီး ဆောင်ရွက်ကြပါဟု တိုက်တွန်းထားမှုကို တွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် ငွေကြေး၊ နည်းပညာမကြွယ်ဝသော်လည်း ပြည်သူလူထု၏ စိတ်ဓာတ်အင်အားကြွယ်ဝသည်ကို နိုင်ငံသားတိုင်းသိကြသည်။ ထို့ကြောင့် **"ပြည်သူသာလျှင် အဓိက"** ဆိုသည့် ဆောင်ပုဒ်ဖြင့် လူထုအားကို အလေးထား ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လူတိုင်းလိုက်နာဆောင်ရွက်နိုင်သော လက်ဆေးပါ၊ နှာခေါင်းစည်းတပ်ပါ၊ မကူးစက်နိုင်စေဖို့ ခပ်ခွာခွာ ခြောက်ပေခွာနေကြပါ၊ ရောဂါလိုင်းတံပိုးကြီးထနေချိန် အပြင်မထွက်ကြပါနဲ့၊ ကိုယ့်အိမ်မှာပဲ နေကြပါ" ဟူ၍ ရိုးရှင်းသောနည်းကို ချပြဆောင်ရွက်ခဲ့သည်။ ပြည်ပမှ ပြန်ဝင်လာသူများကို အားရဝမ်းသာကြိုဆိုခဲ့သည်။ "အရေးကြုံနေချိန်မှာ ကိုယ့်အိမ်ရှင်က၊ မကြိုဆိုဘဲ နေရင်၊ ဘယ်သူကလက်ခံမှာလဲ"ဆိုစကားနှင့်အညီ ပြန်လည် လက်ခံသလို ဝင်လာသူများကို ခွဲခြားစောင့်ကြည့်ခဲ့သည်။ သံသယဖြစ်သူများကို ပိုးစစ်ဆေးခြင်း၊ ထိတွေ့သူများကို စစ်ဆေးခြင်း၊ ဆေးကုသပေးခြင်းတို့အပြင် ပွင့်လင်းမြင်သာသော သတင်းထုတ်ပြန်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့သည်။

## လူမှုကွန်ရက်မှတစ်ဆင့် လူထုနှင့် ဆက်သွယ်

မိမိကိုယ်တိုင်လည်း ဖေ့စ်ဘွတ်အကောင့်ဖွင့်ကာ လူထုနှင့် ဆက်သွယ်ခဲ့သည်။ ထိုမျှသာ မကသေးဘဲ ကပ်ရောဂါနှင့်ပတ်သက်သည့် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ စေတနာ့ဝန်ထမ်းနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများစသည်တို့မှ ပုဂ္ဂိုလ်တို့နှင့်ပါ Video Conferencingများ လုပ်ကာ ဆွေးနွေးခဲ့ပါသည်။ ကျွမ်းကျင်သူပညာရှင်များ၏အကြံဉာဏ်ကိုလည်း လေးစားစွာ လက်တွေ့အသုံးချ၊ ပြည်သူလူထု၏ယုံကြည်မှုကိုလည်း ပူးပေါင်းအသုံးချကာ ဆောင်ရွက်နိုင်သည်ကို တွေ့နိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်စဉ်နှင့် ပထမလှိုင်းကြီး ရိုက်ခတ်စဉ်က မြန်မာနိုင်ငံတွင် ပိုးတွေ့သူမရှိဟုဆိုသည်ကို မယုံကြသူများရှိကြသည်။ ဖြစ်လျှင်လည်း ဒီနိုင်ငံကတော့ တော်တော်အထိနာမှာဟု သဘောထားကြသူများလည်း ရှိကြသည်။ ယခုမူ ပြည်သူ့အားကို အဓိကထား ရဲဝံ့ပြတ်သားစွာ ဦးဆောင်နိုင်ခဲ့သော ခေါင်းဆောင်ကြောင့် ထိရောက်သော အတိုင်းအတာတစ်ခုအထိ အောင်မြင်နေပြီဟု ဆိုနိုင်ပါသည်။ ဇွန် ၃၀ ရက်အထိ ပိုးတွေ့သူပေါင်း၂၉၉ ဦး၊ ပြန်ကောင်းလာသူပေါင်း ၂၂၂ ဦး၊ သေဆုံးသူခြောက်ဦး၊ စောင့်ကြည့်ခံနေရသူ ၅၉၅၀ ဖြင့် အခြေအနေ ထိန်းထားနိုင်နေသည်ကို တွေ့နိုင်ပါသည်။

ထင်ရှားသော ကမ္ဘာကျော်နိုင်ငံရေးသိပ္ပံပညာရှင်၊ နိုင်ငံရေးဆိုင်ရာ စီးပွားရေးပညာရှင်၊ စာရေးဆရာ ဖရန့်စစ်ဖူကူယားမားက "ဒီကပ်အရေးကိုရင်ဆိုင်ရာမှာ ဘယ်လိုအစိုးရမျိုးဆိုတာက အဓိကမဟုတ်ပါဘူး။ နိုင်ငံတော်ရဲ့ စွမ်းဆောင်ရည်ကသာ အဆုံးအဖြတ်ပေးပါတယ်။ အရေးကြီးဆုံးက ပြည်သူတွေက အစိုးရအပေါ်ယုံကြည်မှုရှိဖို့ပဲဖြစ်ပါတယ်"ဟု ဆိုပါသည်။ အစိုးရတို့၏ ရွေးချယ်သော နည်းလမ်းမှန်ကန်မှု၊ မိမိတို့ရှိအရင်းအမြစ်များကို မှန်ကန်စွာ အသုံးချနိုင်မှု၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများကို အသုံးချနိုင်မှု၊ ခေါင်းဆောင်အပေါ် ပြည်သူတို့က ယုံကြည်စိတ်ချမှုတို့ဖြင့် ပြင်းထန်သော အကျပ်အတည်းကို ရင်ဆိုင်ကြရမှာ ဖြစ်ပါသည်" ဟု ဆိုပါသည်။

## အမျိုးသမီးတို့၏ အံ့ဖွယ်စွမ်းဆောင်ရည်

ကပ်ရောဂါကြီးစတင်ချိန်က နိုင်ငံကြီးအချို့၏ ခေါင်းဆောင်အချို့က သာမန်အအေးမိဖျားနာမှုမျိုး၊ မကြာခင်မှာ ကောင်းသွားမှာပါဟုသာ သဘောထားခဲ့ကြသဖြင့် မထိန်းနိုင်၊ ရပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရသည်။ သို့သော် အမျိုးသမီးခေါင်းဆောင်အချို့တို့က ထူးခြားစွာစွမ်းဆောင်နိုင်ကြသည်။ အကျပ်အတည်းကာလများမှာ အမျိုးသမီးတို့က ပိုမိုစွမ်းဆောင်နိုင်လားဟု စဉ်းစားဖွယ်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများတွင် ကော်ပိုရေးရှင်းကြီးများ၏ အစုရှယ်ယာများ တည်ငြိမ်နေစဉ်တွင် အမျိုးသားများက ခေါင်းဆောင်နေရာယူထားလေ့ရှိကြပြီး ကျဆင်းနေချိန်တွင်မူ အမျိုးသမီးတို့ကို ဘုတ်အဖွဲ့ဝင်အဖြစ် ပါဝင်စေကာ ဦးဆောင်စေတတ်သည်ကို တွေ့ရသည်။ ယင်းကို glass cliff phenomenon ဟုခေါ်ကြောင်း သိရသည်။ နိုင်ငံရေးတွင်လည်း အလားတူဖြစ်စဉ်များ တွေ့ရလေ့ရှိသည်။ အင်္ဂလန်နိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းတစ်ခုဖြစ်သော "မကျေနပ်စရာ ဆောင်းရာသီ ပြဿနာ" Winter of Discontent (1978–79)တွင်၊ မာဂရက်သက်ချာ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် နေရာယူရပြီး မကြာမီ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ အလားတူပင် ၂၀၁၇ ခုနှစ်က နယူးဇီလန်နိုင်ငံတွင် လူကြိုက်နည်းသော ပါတီခေါင်းဆောင်နေရာတွင် အတိုက်အခံလေဘာပါတီခေါင်းဆောင်ဖြစ်လာသူ အာဒန်က ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ လေ့လာမှုများအရ အကျပ်အတည်းကာလအတွင်း ဖြေရှင်းနိုင်ခွင့်မရှိချိန်တို့တွင် အခြေအနေသစ်ကို ရင်ဆိုင်ဖို့ လမ်းသစ်ထွင်ချိန်တို့တွင် အမျိုးသမီးတို့ကို နေရာပေးလိုက်ခြင်းဖြင့် အခွင့်အလမ်းသစ်များ တွေ့လာနိုင်သောကြောင့်ဖြစ်သည်ဟု သိရပါသည်။

ကမ္ဘာတစ်ဝန်း နိုင်ငံအကြီးအကဲများတွင် အမျိုးသမီးခေါင်းဆောင် ၇ ရာခိုင်နှုန်းသာ ရှိပါသည်။ ကိုဗစ်-၁၉ အရေးရင်ဆိုင်ရာတွင် ခေါင်းဆောင်တို့၏ အရည်အချင်းများကို အကဲခတ်ခွင့်ရလာပါသည်။ အမျိုးသားကြီးနိုင်ငံကြီးတို့ အောင်မှတ်မရကြဘဲ အမျိုးသမီးခေါင်းဆောင်နှင့် နိုင်ငံငယ်တို့က အောင်မှတ်ရနေကြသည်ကို တွေ့နိုင်ပါသည်။

"ကြီးမားသော ကျောက်တောင်ကျောက်ခဲကြီးများကို ညင်သာသော ရေစီးကြောင်းဖြင့် တိုက်ဖျက်နိုင်သည်၊ ကြီးမားသောအခက်အခဲတို့ကို သိမ်မွေ့သော စိတ်ဆန္ဒဖြင့်သာ ကျော်ဖြတ်နိုင်သည်"ဆိုသော ဆိုရိုးနှင့်အညီ အမျိုးသမီးတို့၏ ပင်ကိုအရည်အသွေးများဖြစ်သော ကိုယ်ချင်းစာနာတတ်ခြင်း၊ သည်းခံတတ်ခြင်း၊ မေတ္တာကရုဏာထားတတ်မှုနှင့်အတူ ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ စိတ်ရှည်တတ်ခြင်း၊ အများ၏ယုံကြည်မှုရအောင် ဆောင်ရွက်တတ်ခြင်း စသည်တို့ကြောင့် ဖြစ်နိုင်ကြောင်း ယူဆကြပါသည်။

တိဘက်ဘုန်းတော်ကြီး ဒလိုင်းလားမားက "ဗုဒ္ဓဘာသာအမြင်ကကြည့်ရင် သက်ရှိအားလုံး အိုနာသေဘေးနဲ့ ကြုံရမှာပဲ၊ လူသားမှာ လောဘ၊ ဒေါသ၊ ကြောက်စိတ်တွေကို ထိန်းနိုင်စွမ်းရှိရမယ်၊ ပြဿနာကို အဖြေရအောင်ကြည့်ရာမှာ လောဘ၊ ဒေါသ၊ ကြောက်စိတ်တွေနဲ့ မကြည့်သင့်ဘူး၊ အခုကပ်ဘေးမှာ၊ လူတစ်ဦးချင်းစီဟာ၊ လူသားအားလုံးနဲ့ ဆက်စပ်နေတယ်။ ကရုဏာ၊ စေတနာစိတ်၊ အပြုအမူတွေ လိုအပ်တယ်။ လူတိုင်းကိုယ့်တာဝန်ကိုယ်ယူကြရမယ်၊ ကူညီကြရမယ်၊ ခေါင်းဆောင်တွေဟာ တည်ငြိမ်ကြရမယ်၊ တည်ငြိမ်မှုမှာ စွမ်းအားရှိတယ်" ဟု ဆုံးမစကားဆိုပါသည်။

အမျိုးသမီးတို့တွင် အရေးကြုံပါက ကြောက်စိတ်ကို ထိန်းနိုင်ကြပြီး လမ်းကြောင်းကို ဖော်ဆောင်တတ်ကြသည်။ အထူးသဖြင့် စိတ်တည်ငြိမ်တတ်သော အမျိုးသမီးခေါင်းဆောင်တို့သည် မကြောက်မရွံ့ ဦးဆောင်နိုင်ကြသည်ဟုဆိုပါသည်။ တည်ငြိမ်မှုတွင် အစွမ်းရှိသည် အမှန်ဖြစ်သည်။ "ခေါင်းဆောင်ကောင်းတစ်ယောက်၏ အရည်အချင်းကို အခက်အခဲများရင်ဆိုင်ရချိန်တွင် လေ့လာနိုင်သည်"ဟု လည်း ဆိုပါသည်။

ယခု ကိုဗစ်– ၁၉ အရေးတွင် အမျိုးသမီးခေါင်းဆောင်တို့၏ ဦးဆောင်မှုများသည်ကား ချီးကျူးထိုက်၊ လေးစားထိုက်ဖွယ် အမှန်ဖြစ်တော့သည်။ ။

# ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသည့် ကချင်ပြည်နယ်ရှိ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြုဂုဏ်ပြု

**မြစ်ကြီးနား ဇူလိုင် ၁**

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့အနေဖြင့် ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြု ဂုဏ်ပြုခြင်းအခမ်းအနားကို ယနေ့တွင် မြစ်ကြီးနားမြို့ရှိ ပညာရေးကောလိပ်ရှိ Quarantine Center အဖြစ်ဖွင့်လှစ်ထားသည့် နေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ဦးဆောင်အဖွဲ့ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကချင်ပြည်နယ် ဝန်ကြီးချုပ်၊ လူမှုရေးဝန်ကြီး၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ပါဝင်ကူညီကြသူများအား အသိအမှတ်ပြု**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ရှိ ပညာရေးကောလိပ်ရှိ Quarantine Center အဖြစ်ဖွင့်လှစ်ထားသည့် နေရာသို့ရောက်ရှိပြီး စေတနာ့ဝန်ထမ်း ကိုယ်စားလှယ်၊ ပရဟိတ ကိုယ်စားလှယ်တို့နှင့် တွေ့ဆုံ၍ ဤကာလတွင် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း တွေ့ဆုံ၍ အခမ်းအနားဖြင့် ဂုဏ်ပြုခြင်းများ ဆောင်ရွက်၍မရကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ Quarantine Center များတွင် ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကိုယ်စားလှယ်များကတစ်ဆင့် တိုင်းဒေသကြီးတစ်ခုလုံးအတွက် လာရောက်ပေးအပ်ခြင်း ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသူများ အားလုံးကို ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကချင်ပြည်နယ်အတွင်းရှိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များ အားလုံးအတွက် အသိအမှတ်ပြု ဂုဏ်ပြုလွှာများကို ကချင်ပြည်နယ် ဝန်ကြီးချုပ်ထံ ပေးအပ်ပြီး စေတနာ့ဝန်ထမ်းရင်ထိုးတံဆိပ်များ၊ ပါးစပ်နှင့် နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များကို စေတနာ့ဝန်ထမ်းနှင့် ပရဟိတကိုယ်စားလှယ်တို့ထံ ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် ကချင်ပြည်နယ်အတွင်း Quarantine Center များရှိ ကိုယ်ဝန်ဆောင်မိခင် ၃၁ ဦး၊ အသက်(၅)နှစ်အောက်ကလေး ၆၁ ဦး၊ အသက် (၆၀)နှင့် အထက် သက်ကြီးရွယ်အို ၂၁ ဦးတို့အတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၃၃၉၀၀၀၀ ကို ပြည်ထောင်စုဝန်ကြီးက ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ Quarantine Center တွင် တာဝန်ယူဆောင်ရွက်နေသော ကျန်းမာရေးတာဝန်ခံထံသို့ ပေးအပ်သည်။

**အဆင့်ဆင့်စိစစ်၍ ဆက်လက်ပေးအပ်မည်**

ယနေ့ စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့က ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနားခရိုင်၊ ပူတာအိုခရိုင်၊ မိုးညှင်းခရိုင်နှင့် ဗန်းမော်ခရိုင်တို့ရှိ စေတနာ့ဝန်ထမ်း ၁၈၃၀ ၊ ပရဟိတအဖွဲ့ ၇၉ ဖွဲ့တို့အတွက် ပေးအပ်ခဲ့သည့် ဂုဏ်ပြုလွှာများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စေတနာ့ဝန်ထမ်းပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများက အဆင့်ဆင့် စိစစ်၍ လက်ဝယ်အရောက် ဆက်လက်ပေးအပ်သွားမည်ဖြစ်သည်။

စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့အနေဖြင့် ဂုဏ်ပြုလွှာများပေးအပ်ခဲ့ပြီးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စာရင်းကျန်ရှိခြင်းများရှိပါကလည်း စိစစ်၍ မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများမှတစ်ဆင့် ဂုဏ်ပြုလွှာများ ထပ်မံပေးအပ်လျက်ရှိပြီး ကျန်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယနေ့ ကချင်ပြည်နယ်အတွင်း ဂုဏ်ပြုလွှာများပေးအပ်ခြင်းနှင့် ထောက်ပံ့ငွေများပေးအပ်ခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါပြန့်ပွားမှုမရှိစေရေး လိုက်နာရန် ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၂၆)ကြိမ်မြောက် အာဆီယံ-တရုတ် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို video conferencing စနစ်ဖြင့် ကျင်းပ

နေပြည်တော် ဇူလိုင် ၁

**နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်သည် ယနေ့နံနက် ၈ နာရီခွဲတွင် video conferencing ဖြင့် ကျင်းပသည့် (၂၆)ကြိမ်မြောက် အာဆီယံ-တရုတ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။** (အောက်ပုံ)



အစည်းအဝေးကို အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီး Ms. Junever M. Mahilum-West နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Chen Xiaodong တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၌ အဆင့်မြင့်အရာရှိကြီးများက အာဆီယံနှင့် တရုတ်နိုင်ငံတို့၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ နိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် အာဆီယံ-တရုတ် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး၏ အနာဂတ်အလားအလာတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်က ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ ခေါင်းစဉ်အောက်ရှိ အာဆီယံအပေါင်းသုံး၊ အရှေ့အာရှ ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ ဒေသဆိုင်ရာဖိုရမ် ဘာသာရပ်ခေါင်းစဉ်ကို ဦးဆောင်ဆွေးနွေးရာတွင် တရုတ်အနေဖြင့် အာဆီယံ ဦးဆောင်သည့် ယန္တရားများနှင့် အာဆီယံ၏ အချက်အချာကျမှုတို့ကို ဆက်လက်ထောက်ခံသည့်အတွက် ကျေးဇူးတင်ရှိကြောင်းပြောကြားပြီး အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများအကြား ကိုဗစ်-၁၉ ကူးစက်ရောဂါ တိုက်ဖျက်ရေးအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အရှေ့အာရှ ထိပ်သီးအစည်းအဝေး၏ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ဆိုင်ရာ မနီလာလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများ၊ အရှေ့အာရှထိပ်သီးအစည်းအဝေး ထူထောင်သည့် (၁၅)နှစ်မြောက်ဆိုင်ရာ ဟနွိုင်းကြေညာစာတမ်း ထုတ်ပြန်မည့် အခြေအနေများနှင့် အာဆီယံဒေသဆိုင်ရာဖိုရမ်၏ လုပ်ငန်းစဉ်များတွင် တရုတ်၏ ပူးပေါင်းပါဝင်မှုများ စသည်တို့ကို ထည့်သွင်းဆွေးနွေးသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

၂၀၂၀ ပြည့်နှစ်၊ မိုးကြိုရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ထုတ်ချေးပြီးစီးမှုစာရင်း
(၃၁-၃-၂၀၂၀) ရက်နေ့အထိ

(ကျပ်သန်းပေါင်း)




ဓာတ်မြစ် : မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

၂၀၁၉ ခုနှစ်၊ ဆောင်းရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ထုတ်ချေးပြီးစီးမှုစာရင်း
(၃၁-၁၂-၂၀၁၉) ရက်နေ့အထိ

(ကျပ်သန်းပေါင်း)




ဓာတ်မြစ် : မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

# မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တောင်ငူ၌ ကျင်းပ



**တောင်ငူ ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၉ ရက်က ကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံလှက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များအား ရပ်ကွက်နှင့် ကျေးရွာ ၆၄ အုပ်စုကို နီးစပ်ရာ ရပ်ကွက်ကျေးရွာများတွင် စုဖွဲ့၍ ကွင်းဆင်းဆောင်ရွက်ရန် အဖွဲ့ခြောက်ဖွဲ့ခွဲကာ စုရပ်(၆)ခု၌ လစဉ်လဆန်း ၄ ရက်နှင့် ၇ ရက်နေ့တိုင်း လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေး ဆွေးနွေးပြောကြားသည်။ (ယာပုံ)

အလားတူ ဇွန် ၃၀ ရက် နံနက်ပိုင်းကလည်း တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ မြို့နယ်အတွင်း ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကော်မရှင်အတွင်းရေးမှူးများနှင့်တွေ့ဆုံကာ ၂၀၂၀ ရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းများ မှန်ကန် ပြည့်စုံရေး၊ ရပ်ကွက်ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ တည်ငြိမ်ရေးနှင့် မဲရုံများလျာထားသတ်မှတ်ရေးတို့ကို ချပြရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝင့်ရ

# ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လထုတ် သုတပဒေသာစာစောင် ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၁**

၁၉၇၃ ခုနှစ်၊ ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "အမုန်းစကားနှင့် သတင်းအမှားများ တားဆီးကာကွယ်ရေး" မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာစာစောင် (ဇူလိုင်လ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လထုတ် သုတပဒေသာစာစောင်တွင် ဒေါက်တာခိုင်ခိုင်ဝင်း၊ ကေကေ၊ ကိုမျိုး(ပြည်)၊ သန့်လွင်ထွန်း (MPA)၊ တင်တင်ဝင်း(စာပေဗိမာန်)တို့၏ "အမုန်းစကားနှင့် သတင်းအမှားများ တားဆီးကာကွယ်ရေး"မျက်နှာဖုံးဆောင်းပါးများ၊ မောင်ပေါ်ထွန်း၊ ဒေါက်တာခင်မောင်ညို၊ နေမျိုးနိုင်၊ ထင်ဇော်မှူးသင်၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ ကျော်ရှင်း၊ ရဲရင့်နဒီတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ အေးဖြူကောင်းမွန်၊ မောင်ကျေးရေ(ဦးမြင့်သိန်း)၊ လဲ့လဲ့ဝင်း(သတ္တဗေဒ)တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ရှင်စောဖြူ၊ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၊ ကျော်ဝင်းဟိန်း(ပခုက္ကူ)၊ ဒေါက်တာမြင့်သန်း (သန္တေသား)၊ ရဲထက်ဇော်၊ မြသိန်းတို့၏ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ခြယ်မှုန်းသီ၊ ပါမောက္ခ ဦးသိန်းလှိုင်၊ စိုးစိုး(ပန်းတောင်း)၊ ဆူးထက်အောင်၊ စိုးနိုင်(ကနီ)၊ စိန်ဝင်းမော်၊ ဆောင်းဝင်းလတ်တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တက်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ဝ၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ဝ၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ဝ၁-၂၄၉၀၃၁၊ ဝ၁-၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# တပ်ကုန်းမြို့နယ်၌ မိုးစပါးရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် တောင်သူများအတွက် ထောက်ပံ့

**တပ်ကုန်း ဇူလိုင် ၁**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ခုနှစ် မိုးစပါးရေကြီး နစ်မြုပ်ခဲ့သည့် တောင်သူများအတွက် ထောက်ပံ့ပေးအပ်ပွဲကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက ရာသီဥတု ပြောင်းလဲမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ အပူချိန်မြင့်တက်လာခြင်းများ ဖြစ်ပေါ်လာကာ သီးနှံများ အထွက်နှုန်းထိခိုက်ခြင်း၊ အချို့ရေကြီးနစ်မြုပ် ပျက်စီးခြင်း ကြုံတွေ့ရလေ့ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လာမှုအပေါ် အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာဝန်ထမ်းများက ကွင်းဆင်းစိစစ်၍ တင်ပြပြီး ထောက်ပံ့ငွေများ ပေးအပ်ပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ကြိုတင်ကာကွယ်ရေး အစီအမံများလည်း ဆောင်ရွက်ထားရှိကြောင်း ပြောကြားသည်။

ထို့နောက် တပ်ကုန်းမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ခုနှစ် မိုးစပါးရေကြီး နစ်မြုပ်ဧက ၁၉ ဒသမ ၅၆ ဧက ပျက်စီးခဲ့မှုအတွက် ထောက်ပံ့ငွေကျပ် ၂၀၀၀၀၀ ကို ကျေးရွာအုပ်စု တစ်အုပ်စုရှိ တောင်သူခြောက်ဦးအတွက် တစ်ဦးချင်းစီအား တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ (ဝဲပုံ)

**မောင်ကျော်ကြီး**

# နေရာကွက် မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

○ *ကျောဖုံးမှ*

ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး အနိုင်ရရှိခဲ့ပါက ဘာစီလိုနာအသင်းကို လေးမှတ်အထိ ဖြတ်တောက်ထားနိုင်မည်ဖြစ်သည့်အတွက် ထိုအခွင့်အရေးကို လက်လွှတ်ခံမည် မဟုတ်ပေ။

ဘာစီလိုနာအသင်းအတွက် ပွဲကစားချိန် မိနစ် ၅၀ ရရှိခဲ့သော ပယ်နယ်တီကို ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည့် မက်ဆီသည် အသင်းအတွက် ၇၂၄ ပွဲကစားပြီး ဂိုး ၆၃၀ ခြောက်ကို သွင်းယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ထို့အပြင် မက်ဆီ၏ ထိုဂိုး ၇၀၀ ပြည့်မြောက်ခဲ့မှုသည် ဘာစီလိုနာအသင်းအတွက် ဂိုး ၆၀၀ သွင်းယူပေးပြီးနောက် ၁၄ လအကြာတွင်မှ ပြည့်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Rec.Sport.Soccer Statistics Foundation ၏ အချက်အလက်များအရ မက်ဆီသည် ကစားသမားဘဝတွင် ဂိုး ၇၀၀ နှင့်အထက် သွင်းယူနိုင်သည့် ကစားသမား ခုနစ်ဦးထဲတွင် တစ်ဦးအပါအဝင် ဖြစ်လာကြောင်း သိရသည်။

ချက်-ဩစတြီးယန်းနွယ်ဖွား ဂျိုးဆက်ဘစ်ကန်က ပရော်ဖက်ရှင်နယ် ကစားသမားဘဝတစ်လျှောက် ၈၀၅ ဂိုးဖြင့် ပထမ၊ ဘရာဇီးဂန္ထဝင် ရိုမာရီယိုက ၇၇၂ ဖြင့် ဒုတိယ၊ ၎င်းနှင့် တစ်နိုင်ငံတည်းသားဖြစ်သူ ပီလီက ၇၆၇ ဖြင့် တတိယ၊ ဟန်ဂေရီ ဂန္ထဝင်ကစားသမားဖြစ်သူ ပွတ်ကပ်စ်က ၇၄၆ ဂိုးဖြင့် စတုတ္ထ၊ ဂျာမနီတိုက်စစ်မှူး ဂတ်မူလာက ၇၃၅ ဂိုးဖြင့် ပဉ္စမ၊ စီရော်နယ်ဒိုက ၇၂၆ ဂိုးဖြင့် ဆဋ္ဌမနှင့် ဂိုး ၇၀၀ ဖြင့် မက်ဆီက သတ္တမနေရာတွင် ရပ်တည်နေကြောင်း မှတ်တမ်းများအရ သိရသည်။

မက်ဆီ၏ ဂိုး ၇၀၀ ရရှိမှုတွင် ပယ်နယ်တီဧရိယာအတွင်းမှ ဂိုး ၅၈၀ အထိ ရရှိပြီး ပယ်နယ်တီဧရိယာပြင်ပမှ ဂိုး ၁၂၀ အထိ သွင်းယူပေးထားနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။ ထို့အပြင် ၎င်းရရှိသည့် ဂိုးအများစုတွင် ဘယ်ခြေမှ ၅၈၂ ဂိုးသွင်းယူနိုင်ပြီး ညာခြေဖြင့် ၉၂ ဂိုးရရှိကာ ခေါင်းတိုက်ဘောမှ ၂၄ ဂိုးအထိ သွင်းယူထားနိုင်ကြောင်း သိရသည်။ မက်ဆီသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ ဂိုး ၇၀၀ ပြည့်မြောက်ရန်အတွက် ပွဲ ၈၆၂ ပွဲ ကစားခဲ့ရသလို ၎င်း၏ ပြိုင်ဘက်ဖြစ်သူ စီရော်နယ်ဒိုက ၉၇၄ ပွဲ ကစားခဲ့ရကြောင်း သိရသည်။

**အောင်ဇော်**

# မန်ယူတို့ အဝေးကွင်း၌ ဘရိုက်တန်ကို ဂိုးပြတ်အနိုင်ရ

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၂)မှ ဇူလိုင် ၁ ရက် (ဗုဒ္ဓဟူးနေ့)နံနက်ပိုင်းတွင် ဘရိုက်တန်နှင့် မန်ယူအသင်း ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-ဂိုးမရှိဖြင့် မန်ယူအသင်း အဝေးကွင်း၌ ဂိုးပြတ်အနိုင်ရရှိခဲ့သည်။**

တန်းဆင်းဇုန် အထက်တွင် ရုန်းကန်နေရသည့် အိမ်ရှင် ဘရိုက်တန်သည် ယနေ့ပွဲတွင် ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရေး အမှားမခံနိုင်သည့် ဧည့်သည် မန်ယူအသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်း ပွဲချိန် ၁၆မိနစ်တွင် ဘစ်ဆာကာ၏ ဖန်တီးမှုမှတစ်ဆင့် ဂရင်းဝုဒ်က မန်ယူအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ၂၉ မိနစ်တွင် ဘရူနိုဖာနန်ဒက်စ်က ဒုတိယဂိုးသွင်းယူကာ ပထမပိုင်းကို မန်ယူအသင်းကစားကွက် အသာစီးဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင် မန်ယူအသင်း တိုက်စစ်အား မလျှော့ဘဲ ယှဉ်ပြိုင်ခဲ့ရာ မိနစ် ၅၀ တွင် ဘရူနိုဖာနန်ဒက်စ်က မန်ယူအတွက် တတိယမြောက်ဂိုးကို သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် မန်ယူအသင်းသည် အဝေးကွင်းဖြစ်သော်လည်း ပွဲစဉ်တစ်လျှောက် ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၂ ကြိမ်ထိရရှိကာ ခြောက်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင် ဘရိုက်တန်သည် တန်ပြန်တိုက်စစ်ဖြင့်သာ ယှဉ်ပြိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ရှစ်ကြိမ်ရရှိကာ နှစ်ကြိမ်သာ ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။

ပရီမီယာလိဂ် ပွဲစဉ်(၃၂)ယှဉ်ပြိုင်အပြီးတွင် မန်ယူအသင်းသည် ရမှတ် ၅၂ မှတ်ဖြင့် အဆင့်၅တွင် ရပ်တည်နေပြီး ဘရိုက်တန်အသင်းသည် ရမှတ် ၃၃ မှတ်ဖြင့် အဆင့် ၁၅ တွင် ဆက်လက် ရပ်တည်နေသည်။ ပွဲစဉ် (၃၃)တွင် မန်ယူသည် အိမ်ကွင်း၌ ဘုန်းမောက်ကို ဧည့်ခံယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဘရိုက်တန်သည် အဝေးကွင်း၌ နော်ဝစ်ချ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပရီမီယာလိဂ်တွင် သွင်းဂိုးအများဆုံး သွင်းယူထားသူမှာ လက်စတာတိုက်စစ်မှူး ဗာဒီဖြစ်ပြီး ၁၉ ဂိုးဖြင့် ဦးဆောင်နေကာ အဆင့် ၂ တွင် ဆောက်သမ်တန်မှ ဒန်နီအင့်စ် ၁၈ ဂိုး၊ အာဆင်နယ်မှ အူဘာမီယန်နှင့် လီဗာပူးမှ ဆာလက်က သွင်းဂိုး ၁၇ ဂိုးစီ သွင်းယူထားကြသည်။

**သီဟ**

# အရာရှိ၊ စစ်သည်များ၏ လစာငွေများသွားရောက်ထုတ်ယူသည့် တပ်မတော်ယာဉ်တန်းကို AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက မိုင်းဆွဲတိုက်ခိုက်၊ AA အကြမ်းဖက်သောင်းကျန်းသူ ၁ ဦးအား အသေဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ စစ်တောကျေးရွာအနီးရှိ နယ်မြေခံတပ်မှ အရာရှိစစ်သည်များ၏ လစာငွေများ ထုတ်ယူရန်အတွက် ကျောက်ဖြူမြို့သို့ ထွက်ခွာလာသော တပ်မတော်ယာဉ်တန်းတစ်ခုကို ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် AA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းဆွဲတိုက်ခိုက်ခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ကျောက်ဖြူမြို့နယ်၊ စစ်တောကျေးရွာအနီးရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်များ၏ လစာငွေများ ထုတ်ယူရန်အတွက် ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် စစ်တောကျေးရွာမှ ကျောက်ဖြူမြို့သို့ တပ်မတော်မော်တော်ယာဉ်များဖြင့် ထွက်ခွာလာခဲ့ကြောင်း၊ ကပ်သပြေကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၃၀၀၀ ခန့်အကွာ စစ်တော-ကျောက်ဖြူသွားကားလမ်းပေါ်ရှိ သစ်သားတံတားအနီး အရောက်တွင် AA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးလိုက်ပါလာသည့် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ သောင်းကျန်းသူများမှာ အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ တပ်မတော်သားများက စနစ်တကျလုံခြုံရေး လိုက်ပါဆောင်ရွက်ခဲ့မှုကြောင့် တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် AA အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်းတစ်လောင်းကို မိုင်းထောင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ၎င်းဖြစ်စဉ်နေရာ အနီးတစ်ဝိုက် မသင်္ကာဖွယ်အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၂ ဦးအား လည်းကောင်း ဖမ်းဆီးရမိပြီး မသင်္ကာဖွယ် ၁၂ ဦးအား လိုအပ်သည်များ ဆက်လက်စစ်ဆေးရန် ကျောက်ဖြူမြို့မရဲစခန်းသို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ယခုဖြစ်စဉ်သည် ကျောက်ဖြူမြို့နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် တပ်မတော်သားများက နယ်မြေလုံခြုံရေးများ ဆောင်ရွက်လျက်ရှိစဉ် ဇွန်လ ၂၆ ရက် ညပိုင်းတွင် သိုင်းချောင်း-သစ်ပုတ်တောင်သွားကားလမ်းပေါ်၌ ကပ်သပြေကျေးရွာတွင်နေထိုင်သော AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွှယ်သူ ၇ ဦးကို မသင်္ကာဖွယ် အထောက်အထားများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကျောက်ဖြူ မြို့မရဲစခန်းတွင် တရားဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်ဖြစ်စဉ်နှင့် ဆက်စပ်လျက်ရှိကြောင်းလည်း ယင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**

# AA အကြမ်းဖက်သောင်းကျန်းသူများက သပြုချိုင်ကျွန်း၊ လောင်းချောင်းကျေးရွာ၌ ပုစွန်ကန်စောင့် အလုပ်လုပ်ကိုင်နေသည့် စစ်မှုထမ်းဟောင်း ၁ ဦးအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် ဇူလိုင် ၁**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ သပြုချိုင်ကျွန်း၊ လောင်းချောင်းကျေးရွာ၌ ပုစွန်ကန်စောင့် အလုပ်လုပ်ကိုင်နေသည့် စစ်မှုထမ်းဟောင်းတစ်ဦးအား ဇွန် ၂၄ ရက်တွင် AA အကြမ်းဖက်သောင်းကျန်းသူများက ဝိုင်းဝန်းရိုက်နှက်၍ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် စစ်မှုထမ်းဟောင်းတစ်ဦးဖြစ်သည့် ဦးသန်းလင်း အသက် ၄၄ နှစ်သည် လောင်းချောင်းကျေးရွာရှိ ဦးထွန်းနိုင်လင်း ပိုင်ဆိုင်သည့် ပုစွန်ကန်၌ ကန်စောင့်အလုပ်လုပ်ကိုင်နေစဉ် ဇွန် ၂၄ ရက် နံနက် ၁၀ နာရီခန့်တွင် အဆိုပါကျေးရွာမှ ဦးသိန်းဝင်း၊ မောင်မောင်ချေတို့အပါအဝင် AA အကြမ်းဖက်သောင်းကျန်းသူ ၇ ဦးခန့် ရောက်ရှိလာပြီး ဦးသန်းလင်းအား ဝိုင်းဝန်းရိုက်နှက်၍ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း။

AA အကြမ်းဖက်သောင်းကျန်းသူများ ဝိုင်းဝန်းရိုက်နှက်ဖမ်းဆီးခြင်းခံရသည့် ဦးသန်းလင်းသည် ၂၀၀၁ ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူထားသူဖြစ်ပြီး အမ်းမြို့နယ်၊ အမှတ်(၃) ရပ်ကွက်တွင် ဇနီးဖြစ်သူနှင့် အတူနေထိုင်ကာ ပုစွန်ကန်စောင့်သည့်အလုပ်အား ရိုးသားစွာလုပ်ကိုင်နေထိုင်သူ တစ်ဦးဖြစ်ကြောင်း ဖော်ပြထားသည်။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ကျေးရွာများအတွင်း အရပ်သားအသွင်ဖြင့် ရောနှောနေထိုင်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လှုပ်ရှားသွားလာမှုများကို စောင့်ကြည့်၍ ချောင်းမြောင်းတိုက်ခိုက်ခြင်း၊ ၎င်းတို့အဖွဲ့အား ထောက်ခံအားပေးမှုမရှိသည့် ရွာသူ၊ ရွာသားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသတွင်းအေးချမ်းစွာ အလုပ်လုပ်ကိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် ရဲမှုထမ်းဟောင်းများကို အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း။

အဆိုပါ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူ ဦးသန်းလင်းအား ပြန်လည်ရရှိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

**သတင်းစဉ်**



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးများ၊ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများနှင့် လက်နက်များအား တွေ့ရစဉ်။

# ခန္တီး၊ မဘိမ်း၊ မိုင်းဆတ်နှင့် တာချီလိတ်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁**

ခန္တီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၃၀ ရက် နံနက် ၁၀ နာရီခွဲက ခန္တီးမြို့ မြို့မရပ်ကွက် ခန္တီး-ပဒူးမုန်းလှေဆိပ်တွင် မသင်္ကာဖွယ်တွေ့ရှိသူ ထွန်းရွှေကို စစ်ဆေးရှာဖွေရာ ၎င်းထံမှ ငွေကျပ် ၁၁၈၈ သန်းတန်ဖိုးရှိ ဘိန်းဖြူ ၀ ဒသမ ၉၉ ကီလို သိမ်းဆည်းရမိသည်။

**စစ်ဆေးရှာဖွေ**

အလားတူယင်းနေ့ ညနေ ၄ နာရီက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မဘိမ်းမြို့နယ် နမ့်ပုံးပုံးကျေးရွာအုပ်စု နမ့်ပုံးပုံးကျေးရွာ နမ့်ပေါ်ချောင်းဘေးရှိ မဘောက်မိုင်၏ တောင်ယာတဲကိုရှာဖွေရာ ၎င်းနှင့်အတူ မဖြူဖြူအေး၊ မပြည့်ဖြိုးလှိုင်တို့ကို တွေ့ရှိရပြီး တဲအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၊ လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မိုင်းဆတ်မြို့နယ် မိုင်းတွန်းတောင်ပေါ်ကျေးရွာအုပ်စု ပူနားကိုကျေးရွာ၏ အရှေ့တောင်ဘက် တောင်ယာဘေးလျှိုအနီးရှိ ချုံအတွင်းမှ မသင်္ကာဖွယ်အထုပ်တစ်ထုပ်အားတွေ့ရှိ၍ စစ်ဆေးရှာဖွေရာ ငွေကျပ် ၁၁၃၁ ဒသမ ၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀၊ အဆင့်နိမ့်ဘိန်း ၀ ဒသမ ၁၅ ကီလိုတို့ကိုလည်းကောင်း၊ အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အထက်ပါနေရာနှင့် မီတာ ၃၀၀ အကွာ တောင်ယာဘေးချုံအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ နှင့် အိုက်စ် ၁ ကီလိုတို့ကိုလည်းကောင်း။

**ဥပဒေအရ အရေးယူထား**

အလားတူ ယင်းနေ့ညနေပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် ရေပူစမ်းကျေးရွာ၏အနောက်မြောက်ဘက် အဆောက်အအုံအဟောင်းနေရာနှင့် ဝါးရုံပင်အောက်ရှိ မြေကြီးအတွင်းမှ ငွေကျပ်သိန်း ၃၂၄၉၀ တန်ဖိုးရှိ ဆေးပြားရိုက်ရာတွင်အသုံးပြုသည့် တံဆိပ်မပါ သံမို ၁၄ ချောင်း၊ WY တံဆိပ်ပါ သံမို ၁၉ ချောင်း၊ ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသည့် ပင်နီယန်ပါ ဒလက်နှင့် ဆေးပြားရိုက်စက်အစိတ်အပိုင်း ၁၉ ခု၊ SEMON တံဆိပ်ပါ အခြောက်ခံစက်တစ်လုံး၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၆၀၀၀၊ ရေစိုပျက်စီးနေသည့် စိတ်ကြွရူးသွပ်ဆေးအခဲ ၂၀ ကီလို၊ ပွိုင့်-၂၂ တစ်လက်၊ ခြောက်လုံးပြူးတစ်လက်တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# တောင်ကုတ်မြို့နယ်၊ တရာဘကျေးရွာအနီး တောင်ကုတ်- မအီ သွားကားလမ်း၌ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ မိုင်းထောင်စဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး သေဆုံး

**နေပြည်တော် ဇူလိုင် ၁**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ တရာဘကျေးရွာအနီး တောင်ကုတ်- မအီသွားကားလမ်း၌ ယမန်နေ့ နံနက် ၁ နာရီခန့်တွင် AA အကြမ်းဖက်သောင်းကျန်းသူ ၄ ဦးသည် ဒေသန္တရ မိုင်းထောင်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး သေဆုံးခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ တရာဘကျေးရွာအနီး တောင်ကုတ်- မအီသွားကားလမ်း၌ ယမန်နေ့ နံနက် ၁ နာရီခန့်တွင် မိုင်းပေါက်ကွဲသံကြားရသဖြင့် နံနက် ၇ နာရီခန့်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုခဲ့ရာ အမျိုးသား ၄ ဦး လဲကျသေဆုံးနေသည်ကို တွေ့ရှိရကြောင်း နယ်မြေခံတပ်ဌာနချုပ်သို့ ရဲတပ်ဖွဲ့ဝင်များမှတစ်ဆင့် သတင်းပို့ခဲ့သဖြင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း၊ မိုင်းပေါက်ကွဲသည့်နေရာတွင် အမျိုးသား ၄ ဦးမှာ ဒေသန္တရ လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး ပတ်ဝန်းကျင်တစ်ဝိုက်အား အသေးစိတ်စစ်ဆေးရာ ဒေသန္တရမိုင်း ပြုလုပ်ရာတွင် အသုံးပြုသည့် အချင်း ၄ လက်မ၊ အလျား ၆ လက်မခန့်ရှိ ကွန်ကြူပိုက် အပိုင်းအစများ သံတို/သံစများ၊ နိုင်ငံသားစိစစ်ရေးကတ်၊ လက်ကိုင်ဖုန်း ၄ လုံးနှင့် မော်တော်ဆိုင်ကယ် ၂ စီးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ အနေဖြင့် အများပြည်သူအသုံးပြုလျက်ရှိသော ဆက်သွယ်ရေးလမ်းကြောင်းများကို မိုင်းထောင်၍ မိုင်းဆွဲတိုက်ခိုက်မှုများ ဆောင်ရွက်လျက်ရှိပြီး ယခုတွင်လည်း တောင်ကုတ်- မအီ သွားကားလမ်းတွင် ဒေသတည်ငြိမ်အေးချမ်းရေး ပျက်ပြားအောင် ရည်ရွယ်၍ ဒေသန္တရ လက်လုပ်မိုင်း ထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းနှင့် မိုင်းထောင်ပေါက်ကွဲစဉ်အသေသိမ်းဆည်းရမိသော AA အကြမ်းဖက်သောင်းကျန်းသူ အလောင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် ခရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇွန် ၃၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၃၅၀၊ သွင်းကုန် ၃၈၉ စီး၊ ရန်ကုန်- မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှု ယာဉ် သွင်းကုန် ၂၂၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၃၀ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၀၈၀ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် Budweiser Beer(355 ml) (1x24) –30 pKGS အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂျာမနီနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် တည်ရှိမှုကို ၉၅၀၀ အထိလျှော့ချရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အတည်ပြု



အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ဝါရှင်တန် ဇူလိုင် ၁

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂျာမနီနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်တည်ရှိမှုကို ၉၅၀၀ အထိ လျှော့ချရန် အတည်ပြုခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။**

ဂျာမနီနိုင်ငံတွင် လက်ရှိအမေရိကန်တပ်ဖွဲ့ဝင် ၃၄၅၀၀ မှ ၂၅၀၀၀ အထိလျှော့ချရန် ရည်ရွယ်ထားကြောင်းနှင့် အမေရိကန်၏ နည်းဗျူဟာပိုင်းဆိုင်ရာကို လိုသလို ထိန်းချုပ်လုပ်ဆောင်နိုင်ရန်အတွက်လည်း ရည်ရွယ်ကြောင်းသိရသည်။

ပင်တဂွန် ပြောရေးဆိုခွင့်ရှိသူ ဂျွန်နသန်ဟော့ဖ်မင်းက တပ်ဖွဲ့ဝင်အင်အားလျှော့ချမည့်အချိန်ကို အသေးစိတ်ဖော်ပြခြင်းမပြုသလို နောက်ထပ်မည်သည့်နေတိုးတပ်ဖွဲ့ဝင်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ဘယ်လိုဖြန့်ကြက်မလဲ ဆိုသည်ကိုလည်း ဖော်ပြခြင်းမပြုပေ။

အဆိုပါအစီအစဉ်ကို လာမည့်သီတင်းပတ်များအတွင်း ပင်တဂွန်က လွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ကြောင်းနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး နေတိုးအဖွဲ့ဝင်မဟာမိတ်များနှင့်လည်း တိုင်ပင်ဆွေးနွေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အကယ်၍များ တပ်ဖွဲ့ဝင်အင်အား လျှော့ချမည်ဆိုပါက တပ်ဖွဲ့ဝင်အချို့ကို ယခင်က အရှေ့ပိုင်းတိုင်းပြည်များဟုခေါ်သော ဥရောပနိုင်ငံများသို့ စေလွှတ်သွားဖွယ်ရှိကြောင်း ပင်တဂွန်အရာရှိများက ပြောကြားသည်။

တချို့ကို အမြဲဖြန့်ကြက်ချထားမည်ဖြစ်ကြောင်းနှင့် တချို့ကို အလှည့်ကျစနစ်ဖြင့် ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပိုလန်ခေါင်းဆောင် အန်ဒရီဂျက်ဒူတာနှင့် လွန်ခဲ့သည့် သီတင်းပတ်က ဝါရှင်တန်၌တွေ့ဆုံစဉ် တချို့တပ်ဖွဲ့ဝင်များကို ပိုလန်သို့ ပို့ဆောင်ကောင်းပို့ဆောင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ တချို့မှာ မိခင်တိုင်းပြည်သို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်းနှင့် တပ်ဖွဲ့ဝင်အချို့ကို တခြားနေရာများကို ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း၊ ပိုလန်နိုင်ငံသို့လည်း ဖြန့်ကြက်နိုင်ဖွယ်ရှိကြောင်း ၎င်းက ပြောသည်။

**အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံ၏ စီးပွားရေးခိုင်မာမှုအလားအလာ ဆယ်စုနှစ်များအတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်း



တိုကျိုတွင် စီးပွားရေးသမားများ ပါးစပ်နှာခေါင်းစည်းများတပ်ဆင်ထားသည်ကို တွေ့ရစဉ်။

**တိုကျို ဇူလိုင် ၁**

ဂျပန်ဗဟိုဘဏ်၏ နောက်ဆုံး ထုတ်ပြန်လိုက်သော တန်ကန်သုတေသနစစ်တမ်းအရ ကုန်ထုတ်လုပ်သည့် ကုမ္ပဏီများအကြား စီးပွားရေးခိုင်မာမှု အလားအလာသည် ဆယ်စုနှစ်များအတွင်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ကိုဗစ် -၁၉ ရောဂါကြောင့် နိုင်ငံစီးပွားရေးထိခိုက်ပြီး ထိုသို့ဖြစ်ရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

လတ်တလောတွင် ကုန်ထုတ်လုပ်သည့် ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံလိုစိတ်ကျဆင်းခဲ့ကြောင်း သိရသည်။

ယခုသုတေသနစစ်တမ်းက စီးပွားရေးကောင်းသည်ဟု ထင်မြင်ချက်ပေးသည့် ကုမ္ပဏီများနှင့် စီးပွားရေးမကောင်းဟု ထင်မြင်ချက်ပေးသည့် ကုမ္ပဏီများကြား မတူညီမှုကို ပြသသော အညွှန်းကိန်းတစ်ခုဖြစ်သည်။ အဆိုပါအညွှန်းကိန်းသည် ၂၀၀၉ ခုနှစ်မှစပြီး အဆိုးဆုံးအနေဖြင့် ခြောက်လအထိ ဆက်တိုက်ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံတွင် နိုင်ငံတော်အရေးပေါ် အခြေအနေကြေညာထားသည့် ဧပြီလနှင့် မေလတို့တွင် ကုန်ထုတ်လုပ်မှုနှင့် ပို့ကုန်ကျဆင်းခဲ့ခြင်းကြောင့် ထိုသို့အညွှန်းကိန်းထိုးကျလာခြင်းဖြစ်သည်။

အလားတူ ဂျပန်နိုင်ငံ၏ စီးပွားရေးအလားအလာသည် တခြားကဏ္ဍများဖြစ်သည့် လက်လီရောင်းချမှုများနှင့် ခရီးသွားကဏ္ဍများတွင်လည်း ဆိုးရွားလာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အီးယူက နိုင်ငံပေါင်း ၁၄ နိုင်ငံကို ခရီးသွားကန့်သတ်ချက်များဖြေလျှော့

**ဘရပ်ဆဲလ် ဇူလိုင် ၁**

ကိုဗစ် -၁၉ ကို ကာကွယ်တားဆီးရန် လအတော်ကြာ ခရီးသွားလာခွင့် တားမြစ်ချက်များ ချမှတ်ထားသော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံအပါအဝင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံမဟုတ်သော ၁၄ နိုင်ငံမှ ခရီးသွားများအတွက် နယ်စပ်များကို ပြန်လည် ဖွင့်လှစ်ခွင့်ပြုလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဥရောပသမဂ္ဂသည် စီးပွားရေးရှင်သန်ရန်အတွက် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများထက် ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် နည်းသောသို့မဟုတ် တန်းတူဖြစ်သော နိုင်ငံများကို ခရီးသွားရာသီဖြစ်သော နွေရာသီမတိုင်မီ ခရီးသွားလာခွင့် တားမြစ်ချက်များ ဖယ်ရှားပေးလိုက်သည်။

ခရီးသွား ကန့်သတ်ချက်ဖယ်ရှားပေးလိုက်သော နိုင်ငံများမှာ ဂျပန်၊ တောင်ကိုရီးယား၊ အယ်လ်ဂျီးရီးယား၊ သြစတြေးလျ၊ ကနေဒါ၊ ဂျော်ဂျီယာ၊ မွန်တီနီဂရိုး၊ မော်ရိုကို၊ နယူးဇီလန်၊ ရဝမ်ဒါ၊ ဆားဘီးယား၊ ထိုင်း၊ တူနီးရှားနှင့် ဥရုဂွေးနိုင်ငံတို့ ဖြစ်ကြသည်။

လတ်တလောတွင် ဥရောပသမဂ္ဂသည် ကိုဗစ် -၁၉ ကူးစက်မှုမြင့်မားနေသောနိုင်ငံများဖြစ်သည့် ဘရာဇီး၊ ရုရှားနှင့် အမေရိကန် ပြည်ထောင်စုကဲ့သို့ နိုင်ငံများကို ခရီးသွားလာခွင့် တားမြစ်ထားကြောင်း သိရသည်။ ဂျပန်နိုင်ငံသည်လည်း အီးယူ ၂၇ နိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၁၀၀ ကျော်ကို ခရီးသွားလာခွင့် တားမြစ်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံက အီးယူခရီးသွားများကို နိုင်ငံတွင်းသို့ ဝင်ရောက်ခွင့်ပြုမပြု စဉ်းစားပြီးနောက် တရုတ်နိုင်ငံကိုလည်း မည်သို့ ဆောင်ရွက်ရမည်ကို စဉ်းစားနေကြောင်း အီးယူက ပြောသည်။ အီးယူအနေဖြင့် နှစ်ပတ်တစ်ကြိမ်နိုင်ငံများအပေါ် ခရီးသွားကန့်သတ်ချက် ဖြေလျှော့ပေးလျက်ရှိကြောင်း သိရသည်။

**ကျိုတို**

# ဗြိတိန်စီးပွားရေး ဦးမော့လာရန် ပေါင်ငါးဘီလီယံတန်ဖိုးရှိ ကူညီရေးအစီအစဉ်စတင်

**လန်ဒန် ဇူလိုင် ၁**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ကိုဗစ်-၁၉ အကျပ်အတည်းကြောင့် စီးပွားရေး ပြန်လည်ဦးမော့လာရန် ပေါင်ငါးဘီလီယံ (အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ ဘီလီယံ)တန်ဖိုးရှိ ကူညီရေးအစီအစဉ်တစ်ခုကို ဇွန် ၃၀ ရက်က ကြေညာလိုက်သည်။



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်

**အခိုင်အမာလုပ်ဆောင်သွားမည်**

အင်္ဂလန်နိုင်ငံ အလယ်ပိုင်း ဘာမင်ဂမ်အနီးရှိ ဒက်လေမြို့တွင် ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကို ကာကွယ်ထိန်းချုပ် နိုင်ရုံတင်မက ကြီးမားသော စိန်ခေါ်မှုများကို ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အခိုင်အမာလုပ်ဆောင်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

**အခြေခံအဆောက်အဦ တော်လှန်ရေးအစီအစဉ်တစ်ခု**

ယခု ထပ်မံခွင့်ပြုလိုက်သော အစီအစဉ်သည် အခြေခံအဆောက်အဦတော်လှန်ရေး အစီအစဉ်တစ်ခုအဖြစ် မှတ်ယူရမည်ဖြစ်ကြောင်း အင်္ဂလန်နိုင်ငံတစ်ဝန်း အရေးကြီးသည့် ချိတ်ဆက်မှုများအားလုံးကို တည်ဆောက်ခြင်းနှင့် ပြန်လည်တည်ဆောက်မှုများ ပြုလုပ်သွားရန် ရည်ရွယ်ကြောင်း ဂျွန်ဆင်က ပြောကြားလိုက်သည်။

**တစ်နိုင်ငံလုံး အသစ်နီးနီး ပြန်လည်ပြုပြင် တည်ဆောက်**

ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်လိုက်သော ကြေညာချက်တွင် ရန်ပုံငွေအများအပြားပါဝင်သော ယခုအစီအစဉ်သည် ဆေးရုံများ ပြုပြင်ရေး၊ လမ်းပန်းဆက်သွယ်မှုများ ပြုလုပ်ရေး၊ ကျောင်းများ ပြန်လည်တည်ဆောက်ရေး၊ တရားရုံးများ အဆင့်မြှင့်တင်ရေး၊ တစ်နိုင်ငံလုံး အသစ်နီးနီး ပြန်လည်ပြုပြင် တည်ဆောက်ရေး၊ အဆင့်မြှင့်တင်ရေးတို့ကို ဦးတည်ကြောင်းဖော်ပြထားသည်။

**အကြီးမားဆုံး စီးပွားရေး စိန်ခေါ်မှု**

ဗြိတိန်ဝန်ကြီးချုပ် ဂျွန်ဆင်က ကိုဗစ်-၁၉ အကျပ်အတည်းကို စောင့်ကြည့်ရင်း ဗြိတိန် ရင်ဆိုင်နေရသည့် အကြီးမားဆုံး စီးပွားရေး စိန်ခေါ်မှုများကို ဖြေရှင်းသွားရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဂျီဒီပီကျဆင်းနေသည်ကို မိမိတို့အနေဖြင့် သိရှိပြီဖြစ်သည်နှင့် အညီ အလုပ်ကို လျင်လျင်မြန်မြန် လုပ်ဆောင်ရမည်ဖြစ်သလို ပြည်သူများအနေဖြင့် ၎င်းတို့၏ အလုပ်အကိုင်များနှင့် စီးပွားရေးကို စိုးရိမ်ပူပန်နေကြပြီဖြစ်ကြောင်း ဂျွန်ဆင်က ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

# နယူးယောက်တိုင်းမ်သတင်းစာက အက်ပဲလ်နယူးစ်အက်ပလီကေးရှင်းကို စွန့်ခွာ




**နယူးယောက် ဇူလိုင် ၁**
အက်ပဲလ်နယူးစ် အက်ပလီကေးရှင်း ဝန်ဆောင်မှုမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း နယူးယောက်တိုင်းမ် သတင်းစာက ဇွန် ၃၀ ရက်တွင် ကြေညာလိုက်သည်။ အက်ပဲလ်နည်းပညာကုမ္ပဏီကြီး၏ ဝန်ဆောင်မှုသည် သတင်းစာ၏အသင်းဝင်ကြေးရှာဖွေမှုနှင့် စီးပွားရေးဆိုင်ရာ ရည်မှန်းချက်များကို ပြည့်မြောက်အောင် အထောက်အကူ ပြုနိုင်ခြင်း မရှိဟုဆိုကာ နုတ်ထွက်လိုက်ပြီးနောက်တွင် နယူးယောက်တိုင်းမ်သည် အက်ပဲလ်နယူးစ်အက်ပလီကေးရှင်းနှင့် လက်တွဲဖြုတ်လိုက်သည့် နာမည်ကြီးသတင်းမီဒီယာအဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့သည်။

ကမ္ဘာတစ်ဝန်း၌ သတင်းအဖွဲ့အစည်းအများအပြားအနေဖြင့် ပုံနှိပ်မီဒီယာဖတ်ရှုသူ ကျဆင်းလာမှုကို ရင်ဆိုင်ရန်းကန်နေရပြီး အွန်လိုင်းမီဒီယာဝန်းကျင်တစ်ခွင်၌ ဂူးဂဲလ်နှင့် ဖေ့စ်ဘွတ်ကုမ္ပဏီ၏ ကြော်ငြာဝင်ငွေရရှိမှုတို့ လွှမ်းမိုးလျက်ရှိချိန်တွင် နယူးယောက်တိုင်းမ် သတင်းစာက အက်ပဲလ်နယူးစ်အက်ပလီကေးရှင်းနှင့် လက်တွဲဖြုတ်လိုက်ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့သည့် အက်ပဲလ် နယူးစ်အက်ပလီကေးရှင်းသည် သတင်းမီဒီယာများ အမည်စာရင်းပေးသွင်းသည့် ပြုလုပ်မှုကို တိုးမြှင့်ပေးသည်။ ၂၀၁၉ ခုနှစ်တွင် အက်ပဲလ်သည် သတင်းစာနှင့် မဂ္ဂဇင်းထုတ်ဝေသူများနှင့် ဝင်ငွေမျှဝေသည့် အက်ပဲလ်နယူးစ်ပလပ်စ်ခေါ် လစာပေးချေရသည့် ဝန်ဆောင်မှုကို ထည့်သွင်းခဲ့သည်။

သို့သော် အဆိုပါဝန်ဆောင်မှုသည် သတင်းအဖွဲ့အစည်းများက မျှော်လင့်ထားသည့် ဝင်ငွေမျိုးမဟုတ်ကြောင်း တိုင်းမ်မှ ဖော်ပြခဲ့သည်။ အက်ပဲလ်သည် ၎င်း၏ အက်ပလီကေးရှင်းမှတစ်ဆင့် ရောင်းချသည့် Subscribe ပြုလုပ်မှုများ၏ ၃၀ ရာခိုင်နှုန်းကို ဖြတ်တောက်လျက်ရှိကြောင်း အက်ပဲလ်နယူးစ် အက်ပလီကေးရှင်းမှ စွန့်ခွာရသည့် အကြောင်းနှင့်ပတ်သက်၍ နယူးယောက်တိုင်းမ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

# ဩစတြေးလျနိုင်ငံက ကာကွယ်ရေးနည်းဗျူဟာအသစ်တစ်ရပ်ကို ကြေညာ

**ကင်ဘာရာ ဇူလိုင် ၁**
အင်ဒိုပစိဖိတ်ဒေသ အတွင်း၌ ကျူးကျော် ရန်စလာမှုများကို ဟန့်တားရန်နှင့် ခုခံတိုက်ခိုက်ရန်အတွက် ပိုမိုတောင့်တင်းခိုင်မာသည့် ကာကွယ်ရေးစွမ်းဆောင်ရည်တစ်ရပ်ကို ထူထောင်ရန် ဩစတြေးလျနိုင်ငံက လာမည့် ၁၀ နှစ်ကျော်အထိ အမေရိကန်ဒေါ်လာ ၁၈၀ ဘီလီယံကျော် သုံးစွဲမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က ပြောကြားခဲ့သည်။

နိုင်ငံ၏ ကာကွယ်ရေးနည်းဗျူဟာသစ်သည် စစ်ရေးဆိုင်ရာ ခြိမ်းခြောက်လာမှုကို ရင်ဆိုင်ရန် ရည်ရွယ်သည့် ကာကွယ်ရေး နည်းဗျူဟာသစ်တစ်ရပ်ဖြစ်ဖွယ်ရှိကြောင်း ဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က ဇူလိုင် ၁ ရက်တွင် ပြောကြားခဲ့သည်။


နယူးကာဆယ်အမည်ရှိ စစ်သင်္ဘောပေါ်၌ ဩစတြေးလျတော်ဝင်ရေတပ်ဖွဲ့မှ အမျိုးသမီးအရာရှိတစ်ဦးကို တွေ့ရစဉ်။

အင်ဒိုပစိဖိတ်ဒေသကို မဟာဗျူဟာကျသည့် ပြိုင်ဆိုင်မှု ဗဟိုချက်မတစ်ခုအနေဖြင့် ၎င်းကတင်စားဖော်ပြထားသည်။

အင်ဒိုပစိဖိတ် ဒေသအတွင်း၌ နယ်နိမိတ် အငြင်းပွားမှုဆိုင်ရာ တင်းမာမှုများ မြင့်တက်လာလျက်ရှိပြီး မကြာသေးမီကပင် အိန္ဒိယနှင့် တရုတ်နိုင်ငံအကြား ဖြစ်ပွားသည့် ပဋိပက္ခများ၊ တောင်တရုတ်ပင်လယ်နှင့် အရှေ့တရုတ် ပင်လယ်တို့တွင် နယ်နိမိတ် အငြင်းပွားမှုများကို တွေ့မြင်လာရကြောင်း စကော့မော်ရစ်ဆင်က ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံက အမေရိကန်ပြည်ထောင်စုထံမှ တာဝေးပစ်သင်္ဘောခွင်းဒုံးကျည်များ ဝယ်ယူရန် စီစဉ်လျက်ရှိပြီး ယင်းဒုံးကျည်များသည် ၃၇၀ ကီလိုမီတာအကွာအဝေးအထိရောက်ရှိနိုင်ကြောင်း သိရသည်။

ထို့အပြင် ပင်လယ်ရေအောက်ထောက်လှမ်းရေးနှင့် ဆိုက်ဘာစွမ်းရည်ကိုလည်း မြှင့်တင်ရန် ရည်ရွယ်ထားကြောင်း ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံ၌ တုပ်ကွေးအမျိုးအစားသစ်တစ်မျိုးကို ဝက်များတွင် တွေ့ရှိ

**ပေကျင်း ဇူလိုင် ၁**
တရုတ်နိုင်ငံရှိ ဝက်များတွင် တုပ်ကွေးရောဂါ အမျိုးအစားသစ် ကူးစက်ဖြစ်ပွားနေကြောင်း ဆေးပညာရှင်အချို့က တွေ့ရှိခဲ့ပြီးနောက် ယင်းကူးစက်မှုသည် ကပ်ရောဂါအသွင်ဖြစ်လာနိုင်သည့် အလားအလာရှိကြောင်း အဆိုပါဆေးပညာရှင်များက ပြောကြားခဲ့သည်။

၂၀၀၉ ခုနှစ်တွင် ပေါ်ထွက်လာခဲ့သည့် အာဖရိက ဝက်အပြင်းဖျားရောဂါသည် ကမ္ဘာတစ်ဝန်းတွင် နှစ်ပေါင်း ၄၀ အတွင်း ပထမဆုံးသော ကပ်ရောဂါတစ်ခုအဖြစ် ထွက်ပေါ်လာခဲ့ပြီး ယခုထပ်မံတွေ့ရှိရသည့် တုပ်ကွေးရောဂါမှာလည်း အာဖရိက ဝက်အပြင်းဖျားရောဂါမှ ဆင်းသက်လာခဲ့ခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ဖော်ပြသည်။

ဆေးပညာရှင်များ၏ ကနဦး တွေ့ရှိမှု သုံးသပ်ချက်များကို အမေရိကန်သိပ္ပံ ဂျာနယ်တစ်စောင်တွင် ဇွန် ၂၉ ရက်က ဖော်ပြထားသည်။ အဆိုပါ သုံးသပ်ချက်၌ ယခုတွေ့ရှိရသည့် တုပ်ကွေးရောဂါကို G4EA H1N1 ဟုအမည်ပေးထားပြီး အာဖရိက ဝက်အပြင်းဖျားရောဂါမှ ကွဲထွက်လာသည့် အမျိုးအစားတစ်ခုဖြစ်ကာ လူများတွင် ကူးစက်တွယ်ကပ်နိုင်ခြေများသည့်အတွက် ကပ်ရောဂါတစ်ခုဖြစ်လာနိုင်သောကြောင့် ဝက်မွေးမြူရေးခြံများနှင့် ဝက်များအား ကိုင်တွယ်နေရသူများကို အနီးကပ် စောင့်ကြည့်ရန် ကျွမ်းကျင်သူများက အကြံပြုထားကြောင်း သိရသည်။

**ဆင်ဟွာ**



## တိုကျို၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၆၇ ဦး ထပ်မံတွေ့ရှိ

**တိုကျို ဇူလိုင် ၁**
ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူအရေအတွက် ဆက်လက်မြင့်တက်နေဆဲဖြစ်ပြီး ဇူလိုင် ၁ ရက်တွင် ရောဂါထပ်မံကူးစက်ခံရသူ ၆၇ ဦးထပ်မံတွေ့ရှိရကြောင်း အာဏာပိုင်များက အတည်ပြုခဲ့သည်။ ပြီးခဲ့သည့် မေလနှောင်းပိုင်းမှ စတင်ကာ တစ်နိုင်ငံလုံး အရေးပေါ်အခြေအနေ ကြေညာချက်ကို ရုပ်သိမ်းလိုက်ပြီးနောက် ယင်းပမာဏသည် ရောဂါကူးစက်ဖြစ်ပွားမှု တစ်ရက်အတွင်း အများဆုံးပမာဏဖြစ်ကြောင်း သိရသည်။

ယခုအခါ ပြည်သူ ၁၄ သန်းခန့် နေထိုင်သည့် တိုကျိုမြို့တွင် ကိုဗစ်-၁၉ ကူးစက်ခံရသည့် အတည်ပြုလူနာအရေအတွက်စုစုပေါင်း ၆၃၀၀ နီးပါးရှိပြီဖြစ်ကြောင်း သိရသည်။ အစိုးရ၏ ကျွမ်းကျင်သူများ ပါဝင်သည့် အဖွဲ့သစ်က ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုကို ထိရောက်စွာ ထိန်းချုပ်နိုင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ရေးအတွက် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ဩစတြေးလျသတင်းမီဒီယာ အေအေပီ ပိတ်သိမ်းရတော့မည့်အရေးမှ ပရဟိတသမားအကျိုးတူအဖွဲ့က ကယ်တင်

**ဆစ်ဒနီ ဇူလိုင် ၁**
စေတနာရှင် ပရဟိတသမားများ ဦးဆောင်သောအကျိုးတူအဖွဲ့တစ်ဖွဲ့ သည် ဩစတြေးလျအဆိုစီရိတ်ပရက်စ် (အေအေပီ) ကိုပိတ်သိမ်းလိုက်ရမည့် နောက်ဆုံးအချိန်မရောက်မီ ကယ်တင်ခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် စီးပွားရေးကျဆင်းလာရသော အခြေအနေနှင့်ကြုံတွေ့နေရချိန်တွင် မီဒီယာကဏ္ဍ၏စိန်ခေါ်မှုများသည် ပိုမိုဆိုးရွားလာခဲ့သည့်အတွက် အေအေပီအနေဖြင့် မကြာမီပိတ်သိမ်းလိုက်ရတော့မည်ဟု ပြောဆိုပြီး သုံးလအကြာ ဇွန် ၂၉ ရက်တွင် အဆိုပါဝယ်ယူရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီမှုကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဝယ်ယူရင်းနှီးမြှုပ်နှံမှုပြုလုပ်သူ ယခင် နယူးကော့ပ်မီဒီယာ ကုမ္ပဏီအကြီးအကဲပါဝင်သည့် စေတနာရှင်ပရဟိတသမားများဦးဆောင်သော အကျိုးတူအဖွဲ့က မိမိတို့သည်သတင်းသမားအများစု၏ရည်မှန်းချက်ကို ခွဲဝေမျှယူခြင်းဖြစ်ကြောင်း အေအေပီဝန်ထမ်းများကို အီးမေးလ်မှတစ်ဆင့် ပေးပို့သော သတင်းစကားတွင် ပြောကြားလိုက်သည်။ သတင်းသမားအများစု၏ရည်မှန်းချက်ဆိုသည်မှာ ဩစတြေးလျနိုင်ငံရှိ မီဒီယာများကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရန် ထက်သန်သည့်ဆန္ဒပင်ဖြစ်ကြောင်း ၎င်းအဖွဲ့က ဆက်ပြောသည်။

အေအေပီသတင်းမီဒီယာကို ရေရှည်တည်တံ့ခိုင်မြဲရန် အကောင်းဆုံးလုပ်ဆောင်ရမည်ဖြစ်ကြောင်းနှင့် အေအေပီသတင်းမီဒီယာ၏ လွတ်လပ်စွာလုပ်ကိုင်မှုကို ဖန်တီးပေးခြင်းနှင့် ဩစတြေးလျနိုင်ငံသားအားလုံးအတွက် အရည်အသွေးပြည့်မီသည့် သတင်းမီဒီယာဖြစ်အောင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းအဖွဲ့က အီးမေးလ်ထဲတွင် ဆက်လက်ရေးသားထားသည်။

အေအေပီပိတ်သိမ်းလိုက်ရသည့်အတွက် လွတ်လပ်သည့်သတင်းမီဒီယာ၊ အလုပ်အကိုင်၊ မီဒီယာလောကအပေါ် သက်ရောက်မှုရှိလာမည်ကို မိမိတို့အနေဖြင့် စိုးရိမ်ပူပန်မိကြောင်းနှင့် ဩစတြေးလျလူ့ဘောင်အဖွဲ့အစည်းအတွက် ယခုထက်ပိုပြီး အရေးကြီးသည့်အရာမရှိဟု မိမိတို့အနေဖြင့် ယုံကြည်ကြောင်း အဆိုပါအဖွဲ့က ထည့်သွင်းပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

# ဆီးရီးယားပြည်သူများအတွက် အကူအညီပေးရေးညီလာခံ

**ခြူးစန္ဒီနွေး**

**ဆီးရီးယားနိုင်ငံရဲ့ ပြည်တွင်းစစ်ဟာ ၁၀ နှစ်အတွင်းကို ဝင်ရောက်လာပါပြီ။ ရလဒ်အနေနဲ့ကတော့ ဆီးရီးယားပြည်သူတွေရဲ့ လူနေထိုင်မှုဘဝဟာ လျင်မြန်စွာပဲ ပျက်စီးယိုယွင်းခဲ့ပြီး ငွေကြေးဖောင်းပွမှုဒဏ်ကိုလည်း ပြည်သူတွေခံစားရပါတယ်။ အစကတည်းကမှ ဒုက္ခပင်လယ်ဝေနေရတဲ့ကြားထဲမှာ ကိုဗစ် – ၁၉ ဆိုတဲ့ ကူးစက်ရောဂါက ဆီးရီးယားပြည်သူတွေကို ထပ်ပြီးဒုက္ခတွေပေးပြန်ပါတယ်။**



ဆီးရီးယားနိုင်ငံအတွင်း ရွှေ့ပြောင်းနေထိုင်သည့်မိသားစုတစ်စုကို တွေ့ရစဉ်။

**“ဆီးရီးယားငွေကြေးတန်ဖိုးကလည်း ဆက်လက်ကျဆင်းနေပြီး အခြေခံစားသောက်ကုန်တွေဖြစ်တဲ့ သကြား၊ ကော်ဖီ၊ ဂျုံနဲ့ ဆန်ဈေးဟာလည်း နှစ်ဆ သို့မဟုတ် သုံးဆအထိ တက်နေပါတယ်။ ဒါတွေအားလုံးကတော့ ပြည်တွင်းစစ်ရဲ့ ဆိုးကျိုးရလဒ်တွေပါပဲ။ အလှူရှင်တွေရဲ့ လှူဒါန်းမှုတွေရနေပေမယ့်လည်း တိုက်ပွဲတွေအဆုံးမသတ်နိုင်သေးတာကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေနဲ့တော့ အလှမ်းဝေးနေဆဲ”**

## အလှူရှင်များညီလာခံ

ဆင်းရဲဒုက္ခကြုံတွေ့နေရတဲ့ ဆီးရီးယားပြည်သူတွေကို ကူညီနိုင်ဖို့အတွက် အီးယူနဲ့ ကုလသမဂ္ဂတို့ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပပြီး အလှူရှင်များတွေ့ဆုံတဲ့ ညီလာခံကို ဇွန် ၃၀ ရက်က ဘရပ်ဆဲလ်မြို့မှာ ကျင်းပခဲ့ပါတယ်။ ဆီးရီးယားက ဆင်းရဲသားပြည်သူတွေကို ကူညီဖို့ ငွေကြေးရှာဖွေတဲ့ပွဲလည်းဖြစ်ပါတယ်။ ၁၀ နှစ်ကြာ ပြည်တွင်းစစ်ပွဲမှာ ဆီးရီးယားသမ္မတ ဘတ်ရှာ အယ်အာဆတ်ဟာ ရုရှားနဲ့ အီရန်တို့ရဲ့ ကျောထောက်နောက်ခံနဲ့ အများစုအနိုင်ရရှိခဲ့တယ်လို့ ပြောရမှာပါ။ ဒါပေမယ့်လည်း တူရကီဟာ ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းမှာ သူ့ရဲ့ ကိုယ်ပိုင်တပ်ဖွဲ့တွေကို တိုးမြှင့်ချထားခဲ့ပါတယ်။ အီဒလစ်ပြည်နယ်တစ်ဝိုက်မှာတူရကီတပ်ဖွဲ့ဝင် ၁၀၀၀၀ အထိ တပ်ဖြန့်ချထားပါတယ် ။

## အလှူရှင်တွေကတိပြု

ဘရပ်ဆဲလ်မြို့မှာကျင်းပတဲ့ အလှူရှင်များတွေ့ဆုံပွဲမှာတော့ နိုင်ငံပေါင်း ၈၀နဲ့ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေ တွေ့ဆုံခဲ့ကြပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီအတွက်ကိုသာ အလေးထားပြီးဆွေးနွေးခဲ့ကြပါတယ်။ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေကိုတော့ မဆွေးနွေးနိုင်သေးပါဘူး။ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်မယ်ဆိုရင် စစ်ပွဲအဆုံးသတ်ရမှာဖြစ်ပြီး နိုင်ငံရေးအရ ညှိနှိုင်းဆွေးနွေးအဖြေရှာမှုတွေ လုပ်ကိုင်နိုင်ဖို့လည်း လိုအပ်ပါတယ်။ ယခုနှစ်အတွက် အမေရိကန် ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံ လှူဒါန်းပေးမှာဖြစ်ပြီး ၂၀၂၁ ခုနှစ်အတွက်တော့ ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံလှူဒါန်းမယ်လို့ အလှူရှင်တွေက ကတိပြုခဲ့ကြပါတယ်။

## အမှန်တကယ်လိုအပ်သူများဆီ အကူအညီရောက်စေချင်

သူတို့ပေးအပ်မယ့် အကူအညီတွေကတော့ ဆီးရီးယားနိုင်ငံတစ်ဝန်း ဒုက္ခရောက်နေကြတဲ့ ပြည်သူတွေကို ကူညီပေးမှာဖြစ်ပြီး ဆီးရီးယားအစိုးရတပ်တွေ ထိန်းချုပ်ထားတဲ့နေရာက လူတွေပဲဖြစ်ဖြစ်၊ သူပုန်တွေ ထိန်းချုပ်ထားတဲ့ ဒေသမှာနေတဲ့ လူတွေပဲဖြစ်ဖြစ် အားလုံးကို အကူအညီပေးသွားမှာပဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တူရကီ၊ ဂျော်ဒန်နဲ့ လက်ဘနွန် နိုင်ငံတို့မှာရောက်ရှိနေတဲ့ ဆီးရီးယားဒုက္ခသည်တွေ၊ အီဂျစ်နဲ့ အီရတ်တို့မှာ ရောက်ရှိနေတဲ့ဆီးရီးယားဒုက္ခသည်တွေကိုပါ အကူအညီပေးမှာပါ။ အလှူရှင်တွေရဲ့ဆန္ဒကတော့ သူတို့လှူဒါန်းလိုက်တဲ့ငွေကြေးတွေဟာ နိုင်ငံရေးထိန်းချုပ်မှုအောက်မှာ မဟုတ်ဘဲ တကယ် အကူအညီလိုအပ်နေတဲ့ပြည်သူတွေဆီ အမှန်တကယ် ရောက်စေလိုပါတယ်။ အဲဒီအတွက်လည်း ကမ္ဘာ့ကုလသမဂ္ဂကို ဖိအားပေးခဲ့ပါတယ်။

## ဆိုးမြဲဆိုးဆဲ

အစိုးရရဲ့ထိန်းချုပ်မှုအောက်မှာ ရောက်နေတာတောင်မှ ဆီးရီးယားပြည်သူတွေရဲ့ ဘဝဟာ ဆိုးရွားမြဲဆိုးရွားဆဲပါပဲ။ ငွေကြေးဖောင်းပွမှု မြင့်တက်လာပေမယ့် သူတို့ရဲ့လစာကတော့ အရင်တုန်းကအတိုင်းပဲ ပြောင်းလဲမှုမရှိ ရပ်တန့်နေပါတယ်။ မိသားစုတစ်စုအတွက် အခြေခံလိုအပ်တဲ့ စားသောက်ကုန်ဟာ တစ်လမှာ ဆီးရီးယားပေါင် ၈၀၀၀၀ ကျသင့်ပါတယ်။ ဒါပေမယ့် တစ်လမှာ ပျမ်းမျှ လစာငွေကတော့ ပေါင် ၆၄၀၀၀ သာရှိပါတယ်လို့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ဆီးရီးယားနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး ကော်ရီနီ ဖလက်ချာက ပြောပါတယ်။ ဆီးရီးယားစစ်ပွဲ ကိုးနှစ်ကျော်လာတဲ့အခါမှာတော့ ဆီးရီးယားနိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ ပြည်သူ ၉ ဒသမ ၃ ရာခိုင်နှုန်းမှာ အစားအသောက်မဖူလုံမှုပြဿနာနဲ့ ရင်ဆိုင်လာရပါတယ်။ ကလေးငယ် သန်းတစ်ဝက်နီးပါးဟာလည်း အာဟာရချို့တဲ့မှုကြောင့် ကြီးထွားမှုနှုန်း ရပ်တန့်နေတယ်လို့ သတ်မှတ်ခံထားရပါတယ်။

## အတားအဆီးတွေရှိ

ဒမတ်စကတ်မြို့မှာ ရုံးထိုင်တဲ့ မစ္စ ဖလက်ချာကတော့ သူ့ရဲ့အဖွဲ့ဟာ တစ်လမှာ ပြည်သူ ၄ ဒသမ ၅ သန်းကို အကူအညီပေးနေပြီး အခုဆိုရင်တော့ အဲဒီထဲက တစ်ဝက်ဟာ အစားအသောက်မဖူလုံမှုပြဿနာနဲ့ ရင်ဆိုင်ရဖွယ်ရှိတယ်လို့ ပြောပါတယ်။ ငွေကြေးဖောင်းပွမှုနဲ့အတူ ဒမတ်စကတ်မှာရှိတဲ့ အချို့ဈေးဆိုင်တွေ ပိတ်ထားရပြီး အလက်ပိုမြို့မှာလည်း အတူတူပဲလို့ ပြောပါတယ်။ ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းမှာတော့ အစိုးရတပ်တွေဟာ နယ်မြေထိန်းချုပ်မှုရရေး တိုက်ပွဲတွေဖြစ်နေတဲ့အတွက် အဲဒီဒေသမှာနေထိုင်ကြတဲ့ လူတွေဆီ အကူအညီတွေ ရောက်ရှိဖို့ဆိုတာ အတားအဆီးတွေ အများကြီးရှိနေတယ်လို့ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များနှင့် အရေးပေါ်ကိစ္စရပ်များဆိုင်ရာ သက်သာချောင်ချိရေးညှိနှိုင်းရေးမှူးဖြစ်သူ မာ့ခ်လိုကော့ကပြောပါတယ်။

## နည်းလမ်းရှာမရ

ကုလသမဂ္ဂအဖွဲ့အတွက် နယ်စပ်ဖြတ်ကျော်ခွင့်ပေးထားတဲ့နေရာနှစ်ခုရှိပြီး တူရကီကနေ ဆီးရီးယားနိုင်ငံ အီဒလစ်ပြည်နယ် အပါအဝင် အနောက်မြောက်ပိုင်းဒေသကို အထောက်အပံ့ပစ္စည်းတွေ ပေးပို့ရပါတယ်။ ဇူလိုင် ၁၀ ရက်ဆိုရင် ရိက္ခာပြတ်တောက်မယ့် အနေအထားရှိပြီး အဲဒီဖြတ်သန်းရေးဂိတ်ဟာ ပြည်သူ ၂ ဒသမ ၈ သန်းအတွက် အသက်ဆက်ပေးတဲ့လမ်းကြောင်းဆိုလည်း မမှားပါဘူး။ ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းမှာရှိတဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းထဲက အများစုဟာ ပြည်တွင်းမှာပဲ ပြောင်းရွှေ့နေထိုင်ကြသူတွေ ဖြစ်ကြပါတယ်။ အများစုဟာ ကလေးတွေဖြစ်ကြတဲ့ အာဟာရချို့တဲ့မှုနှုန်းဟာလည်း မြင့်တက်လာတယ်။ သူတို့ဆီကို အစားအသောက်အကူအညီရောက်ဖို့အတွက် နည်းလမ်းရှာလို့ မရဘူးဖြစ်နေတယ်လို့ သူက ဆက်ပြောပါတယ်။

## ယိုင်နဲ့နေသော ကျန်းမာရေးစနစ်

အာဆတ်အစိုးရရဲ့ အကူအညီပေးရေးစောင့်ကြည့်သည့် လုပ်သားတွေနဲ့ ပစ္စည်းဖြန့်ဖြူးသူတွေဟာ သူတို့ထိန်းချုပ်ထားတဲ့ ဒေသတွေမှာ ချုပ်ကိုင်မှုတွေ ပြုလုပ်ထားပါတယ်။ ဒါကြောင့် အလှူရှင်တွေ ဆန္ဒရှိသလို တကယ်အကူအညီလိုတဲ့ လူတွေဆီ ရောက်ဖို့ဆိုတာ အဟန့်အတားတစ်ခုလို ဖြစ်နေပါတယ်လို့ ဆီးရီးယားနိုင်ငံဆိုင်ရာ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ဖလက်ချာက ပြောပါတယ်။ ကျန်းမာရေးအနေနဲ့ကြည့်မယ်ဆိုရင် တိုင်းပြည်အတွင်းစစ်ပွဲတွေကြောင့် ကျန်းမာရေးစနစ် ပျက်စီးသွားပြီး ကမ္ဘာတစ်ဝန်းရင်ဆိုင်နေရတဲ့ ကိုဗစ် – ၁၉ ကို ရင်ဆိုင်ဖို့ရာ ဆီးရီးယားမှာ စွမ်းအားမရှိတော့ဘူးလို့ မစ္စတာ လိုကော့က ပြောပါတယ်။ ယခုနှစ်အတွက် ငွေကြေးအကူအညီ ၅ ဒသမ ၅ ဘီလီယံနဲ့ နောက်နှစ်အတွက် ၂ ဒသမ ၂ ဘီလီယံ အလှူရှင်တွေက ပေးအပ်သွားမယ်ဆိုတော့ ဝင်ငွေဆိုးလှတယ်လို့တော့ ပြောလို့မရပါဘူး။

## ဆိုးကျိုးရလဒ်များ

အမေရိကန်ပြည်ထောင်စုကလည်း ဒေါ်လာ သန်း ၇၀၀ အကူအညီပေးမယ်လို့ ကတိပြုခဲ့ပါတယ်။ ဆီးရီးယားစစ်ပွဲအစကတည်းက အမေရိကန်ရဲ့ ငွေကြေးအကူအညီတွေအားလုံး ပေါင်းကြည့်လိုက်ရင် စုစုပေါင်း ၁၁ ဒသမ ၃ ဘီလီယံကျော်သွားပါပြီ။ ဂျာမနီကတော့ ၁ ဒသမ ၆ ဘီလီယံနဲ့ ဗြိတိန်ကတော့ ပေါင်သန်း ၃၀၀ ကူညီပေးမယ်လို့ ကတိခံထားကြပါတယ်။ ကိုးနှစ်တာကာလ စစ်ပွဲအတွင်းမှာ ဆီးရီးယားပြည်သူ ၂၂ သန်းမှာ ၆ ဒသမ ၇ သန်းဟာ ပြည်တွင်းမှာပဲ ပြောင်းရွှေ့နေထိုင်ရပြီး ၆ ဒသမ ၆ သန်းကတော့ ဒုက္ခသည်တွေဖြစ်သွားကြပါတယ်။ ခန့်မှန်းခြေအားဖြင့် လူဦးရေရဲ့ ၈၀ ရာခိုင်နှုန်းဟာ ဆင်းရဲမွဲတေမှုတွေနဲ့ အသက်ဆက်ရှင်သန်နေရပါတယ်။ ဆီးရီးယားငွေကြေးတန်ဖိုးကလည်း ဆက်လက်ကျဆင်းနေပြီး အခြေခံစားသောက်ကုန်တွေဖြစ်တဲ့ သကြား၊ ကော်ဖီ ၊ ဂျုံနဲ့ ဆန်ဈေးဟာလည်း နှစ်ဆ သို့မဟုတ် သုံးဆအထိ တက်နေပါတယ်။ ဒါတွေအားလုံးကတော့ ပြည်တွင်းစစ်ရဲ့ ဆိုးကျိုးရလဒ်တွေပါပဲ။ အလှူရှင်တွေရဲ့ လှူဒါန်းမှုတွေရနေပေမယ့်လည်း တိုက်ပွဲတွေအဆုံးမသတ်နိုင်သေးတာကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေနဲ့တော့ အလှမ်းဝေးနေဆဲပါ။

**ကိုးကား – နယူးယောက်တိုင်းမ်**

---

# နိုင်ငံတကာသတင်းတိုထွာ

## အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် မိုးကြိုးထိမှန်မှုနှင့် မိုးသက်မုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၁၁ ဦးထက်မနည်း သေဆုံး

နယူးဒေလီ ဇူလိုင် ၁

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တွင် မိုးကြိုးထိမှန်မှုနှင့် မိုးသက်မုန်တိုင်းကြောင့် ဇူလိုင် ၁ ရက်တွင် လူ ၁၁ဦးထက်မနည်း သေဆုံးခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

ဘီဟာပြည်နယ်မှ အကြီးအကဲဖြစ်သူ နီတစ်ကူးမားက မိုးကြိုးထိမှန်မှုကြောင့်သေဆုံးခဲ့ရသူများ၏ မိသားစုဝင်များအတွက် အမေရိကန်ဒေါ်လာ ၅၂၉၄ ထောက်ပံ့ငွေပေးခဲ့သည်။ ထို့ပြင် သေဆုံးသွားသူများအတွက် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲကြောင်းလည်း ဘီဟာပြည်နယ်အကြီးအကဲက ပြောသည်။ ရာသီဥတုဆိုးရွားချိန်တွင် ပြည်သူများ ဂရုတစိုက်နေထိုင်ကြရန်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုရုံးမှ ထုတ်ပြန်ထားသည့် သတိပေးချက်များအတိုင်း လိုက်နာကြရန်လည်း ၎င်းကတိုက်တွန်းထားသည်။ ပြီးခဲ့သည့်သီတင်းပတ်ကလည်း ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် မိုးကြိုးထိမှန်မှုတို့ကြောင့် လူပေါင်း ၈၃ ဦး အသက်ဆုံးရှုံးခဲ့ရသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံတွင် ပလတ်စတစ်အိတ်အသုံးပြုမှုအတွက် ငွေကြေးပေးဆောင်ရမည်

တိုကျို ဇူလိုင် ၁

ဇူလိုင်၁ ရက်မှစတင်ကာ ဈေးကြီးများတွင် ပစ္စည်းထည့်ပေးသည့်အခါ ပလတ်စတစ်အိတ် အသုံးပြုမှုအတွက် ဝယ်သူများထံမှ ငွေကြေးကောက်ခံရမည်ဟု ဂျပန်အစိုးရက စည်းမျဉ်းထုတ်ပြန်ခဲ့သည်။ ပလတ်စတစ် စွန့်ပစ်အမှိုက်ထွက်ရှိမှုကိုလျှော့ချရေးအတွက် လှုပ်ရှားမှုတစ်ရပ်အဖြစ် ယင်းသို့လုပ်ဆောင်ရန် ရည်ရွယ်ထားခြင်းလည်းဖြစ်သည်။

ယခုအခါ ကုန်မျိုးစုံရောင်းချသည့် ဆိုင်ကြီးသုံးဆိုင်တွင် ယင်းစနစ်ကိုစတင်ကျင့်သုံးနေပြီး ပလတ်စတစ်အိတ်တစ်အိတ်လျှင် ငွေသုံးဆင့် ကောက်ခံသည်ဟု သိရသည်။ ဖမ်မလီ စူပါမားကတ်ရှိ ဝန်ထမ်းများကလည်း ဝယ်ယူသူများကို ယခင်လို ပလတ်စတစ်အိတ် အခမဲ့ မပေးတော့ကြောင်း၊ ပလတ်စတစ်အိတ်အတွက် အခကြေးငွေပေးရမည်ဖြစ်ကြောင်း ထို့ကြောင့် အမှန်တကယ် လိုအပ်မှသာ ယူရန် တိုက်တွန်းခဲ့ကြသည်။

အသက် ၆၀ အရွယ် အမျိုးသမီးကြီးတစ်ဦးကမူ သူ ဈေးဝယ်ထွက်သည့်အခါတိုင်း နေအိမ်မှအိတ်ယူလာကြောင်း သဘာဝပတ်ဝန်းကျင်ထိခိုက်မည်ကို အမြဲစဉ်းစားကြောင်း ပြောသည်။

ဖမ်မလီ စူပါမားကတ်တွင် နေ့စဉ်ပျမ်းမျှအားဖြင့် ပလတ်စတစ်အိတ် ၆၀၀ ခန့် အသုံးပြုကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၃၀-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၃၇၈)ခုတွင်
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၁-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၉၉) ဦးရှိပါသည်။

၃။ သို့ဖြစ်ရာ (၃၀-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၉၁၀)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၃၁၈) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၆၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၆) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၂၉) ခု၊

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၁-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၃၀-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

စုစုပေါင်း (၁,၇၀၈)ခု အား စစ်ဆေးပြီးစီးခဲ့ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၇၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၇၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၂၄) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၇၂) ခု၊

  စုစုပေါင်း (၉၄၇)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၄)ဦး တွေ့ရှိရပါသည်။

၂။ (၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၀၃) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက်ပိုးမတွေ့ရှိသူ စုစုပေါင်း (၂၂၂) ဦး ရှိပါသည်။ ၎င်းတို့အနက် (၂၁၆) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၃၀-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၄) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၆) ခု |
| (၁-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၅) ခု |
| (၁-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၄) ခု |
| (၁-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၄) ဦး |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၄) ဦး | (၃၀၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၂၂၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၁-၇-၂၀၂၀)ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | အမြဲတမ်း နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 300 | ၃၈ နှစ် | ကျား | လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ယူအေအီး) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ဒဂုံမြို့သစ်တောင်ပိုင်း) |
| 301 | ၂၄ နှစ် | ကျား | ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ယူအေအီး) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ဒဂုံမြို့သစ်တောင်ပိုင်း) |
| 302 | ၂၈ နှစ် | ကျား | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အင်္ဂလန်) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (လှည်းကူးမြို့နယ်) |
| 303 | ၃၂ နှစ် | ကျား | တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အင်္ဂလန်) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (လှည်းကူးမြို့နယ်) |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မိုး/ဇလ

# စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇူလိုင် ၁**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ စင်ကာပူနိုင်ငံတွင် ရောက်ရှိနေပြီး Crew Change ပြုလုပ်ရန် လိုအပ်နေသည့် မြန်မာသင်္ဘောသားများနှင့် နိုင်ငံတကာ သင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်ရန် စောင့်ဆိုင်းနေသည့် မြန်မာသင်္ဘောသား စုစုပေါင်း ၄၇ ဦးတို့အား ၎င်းတို့ကုမ္ပဏီ၏ စီစဉ်ပေးမှုဖြင့် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) အထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေ ချောမွေ့စွာပြန်လည် ရောက်ရှိခဲ့ကြသည်။ **(အပေါ်ပုံ)**



ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၂ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးသည်။

နိုင်ငံတကာ ခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေး လေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အဆင်ပြေ ချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီး ဖြစ်သည်။ အဆိုပါ ပြန်လည်ရောက်ရှိသည့် မြန်မာနိုင်ငံသားများတွင် ပြည်ပနိုင်ငံများရှိ ဆိပ်ကမ်းများ၌ သောင်တင်နေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲ ကြုံတွေ့ခဲ့ရသည့် မြန်မာသင်္ဘောသားလည်း ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ရှိ ယာယီတိုက်ပွဲရှောင်နေရာများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇူလိုင် ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာ ယနေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ဝရကျွန်းရွာ၊ ဆေးအိုးကျရွာ၊ ခွဆုံရွာ၊ သိန်းတန်ရွာ၊ စက်ခေါ်ရွာ၊ သံခြေရွာ စုစုပေါင်း ယာယီ တိုက်ပွဲရှောင်နေရာ ခြောက်နေရာသို့ သွားရောက်၍ ဆပ်ပြာ ၃၁၈၁ တောင့်နှင့် ထုံး ၃၄ အိတ်တို့ကို ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

◆ ရှေ့ဖုံးမှ

အဆိုပါ နေရပ်ပြန်ပြည်သူ ၁၅၈ ဦးတို့တွင် ကချင်ပြည်နယ်မှ ၁၅ ဦး၊ ကရင်ပြည်နယ်မှ နှစ်ဦး၊ ချင်းပြည်နယ်မှ သုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၅၀၊ နေပြည်တော်မှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၇ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၅ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၈ ဦး ၊ ရှမ်းပြည်နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ ရှစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ သုံးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ငါးဦးတို့ ဖြစ်ကြသည်။ နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ လွှဲပြောင်းပို့ဆောင်ပေးရာတွင် မေ ၆ ရက်မှ ဇူလိုင် ၁ ရက်အထိ အမျိုးသား ၇၁၉၈ ဦး၊ အမျိုးသမီး ၄၄၉၅ ဦး စုစုပေါင်း ၁၁၆၉၃ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးနိုင်ခဲ့သည်။

**နန်းသန္တာဦး (ပြန်/ဆက်)**



## ပခုက္ကူမြို့နယ်၌ COVID-19 ကာကွယ်ရေး ငါးရိက္ခာများ စားသုံးပေး ပိုစတာစိုက်ထူ

**ပခုက္ကူ ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပခုက္ကူမြို့နယ် အေးကျွန်းကျေးရွာတွင် COVID-19 ရောဂါ ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး ပညာပေးမြေစိုက်ပိုစတာ စိုက်ထူခြင်းနှင့် အများပြည်သူများကို ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**

# ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၁၃၅ ဦး ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇူလိုင် ၁**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယမန်နေ့ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ နေရပ်ပြန်ပြည်သူ ၁၃၅ ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၃၅ ဦးတို့မှာ အမျိုးသား ၆၁ ဦး၊ အမျိုးသမီး ၇၄ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၀၊ ပဲခူးတိုင်းဒေသကြီးမှ ၂၄ ဦး၊ မကွေးတိုင်းဒေသကြီးမှ နှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ လေးဦး၊ ကချင်ပြည်နယ်မှ ၁၃ ဦးနှင့် ရှမ်းပြည်နယ်မှ ၅၇ ဦးတို့ဖြစ်ကာ ၎င်းနေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိစေရေးအတွက် မော်တော်ယာဉ်များ စီစဉ်ပေးပြီး လားရှိုးမြို့သို့ လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်း ကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ စနစ်တကျ စီစဉ် လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၁၀ ရက်မှ ဇွန် ၁၀ ရက်အထိ အမျိုးသား ၆၉၃၀ နှင့် အမျိုးသမီး ၅၅၈၅ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၂၅၁၅ ဦးတို့ကို လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင် (ပြန်/ဆက်)**

## COVID-19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID-19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်း ချုပ်လုပ်မှုပြိုင်ပွဲတွင် ပြည်သူအနှစ်သက်ဆုံး ဒုတိယဆုနှင့် ပြည်သူ့အကျိုးပြုပထမဆု ရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်



**မန္တလေး ဇူလိုင် ၁**

၂၀၂၀ ပြည့်နှစ် မေလတွင် ကျင်းပခဲ့သည့် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်း ချုပ်လုပ်မှုပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြည်သူအနှစ်သက်ဆုံး ဒုတိယဆုနှင့် ပြည်သူ့အကျိုးပြု ပထမဆုရရှိသူများအား နိုင်ငံတော် ၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ချီးမြှင့်သည့် ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ပေးအပ်ချီးမြှင့်ခဲ့သည်။ (ဓာတ်ပုံ)

အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်းချုပ်လုပ်မှုပြိုင်ပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ချီးမြှင့်သည့် ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများအနက် မန္တလေးမြို့မှ ဦးမျိုးမင်းစိုးက ပြည်သူအနှစ်သက်ဆုံး ဒုတိယဆုနှင့် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့မှ ဒေါ်ကြည်ကြည်ဝင်းက ပြည်သူ့အကျိုးပြု ပထမဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာတွင် ပြည်သူ့အကျိုးပြု ပထမဆုရရှိသူ ဒေါ်ကြည်ကြည်ဝင်းက ယင်းပြိုင်ပွဲကို ကျင်းပပေးခြင်းနှင့် ယခုကဲ့သို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်ပေးခြင်းအတွက် ဝမ်းသာပီတိ ဖြစ်မိပါကြောင်း ပြောကြားခဲ့သည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

# မော်လမြိုင်မြို့ ပညာရေးကောလိပ် အသွားအလာကန့်သတ် စောင့်ကြည့်ရေးစခန်းသို့ နေရပ်ပြန် ၇၅ ဦး ရောက်ရှိ

**မော်လမြိုင် ဇူလိုင် ၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ ပညာရေးကောလိပ်ရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ ယမန်နေ့ညနေပိုင်း၌ ကရင်ပြည်နယ် မြဝတီမြို့မှ တစ်ဆင့် နေရပ်ပြန် အလုပ်သမား အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၄၄ ဦး စုစုပေါင်း ၇၅ ဦးရောက်ရှိလာရာ တာဝန်ရှိသူများကလက်ခံ၍ အဖျားတိုင်းခြင်းနှင့် ၎င်းတို့တည်းခိုမည့် အဆောင်များသို့ နေရာချထားပေးကြောင်း သိရသည်။

ပညာရေးကောလိပ် စောင့်ကြည့်ရေးစခန်းသို့ ဝင်ရောက်လာသူများကို ၂၁ ရက် ကန့်သတ်စောင့်ကြည့်သွားမည်ဖြစ်သည်။ ရက်သတ္တပတ်လျှင် ကျန်းမာရေးစစ်ဆေးမှု၊ တစ်ကြိမ်၊ နှစ်ကြိမ်ပြုလုပ်၍ ကိုဗစ်-၁၉ ပိုးတွေ့ အဖြေထွက်ရှိသူများကို နေရပ်အသီးသီးတို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ပြီး မေ ၁ ရက်မှ ယနေ့အထိ ပြည်ပနိုင်ငံအသီးသီးမှ နေရပ်ပြန်လာသူ ၅၉၃၂ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဇူလိုင် ၁ ရက်တွင် ကိုဗစ် -၁၉ ရောဂါပိုးရှိသူ လေးဦးထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၀၃ ဦး ရှိပြီဖြစ်

**နေပြည်တော် ဇူလိုင် ၁**

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ လေးဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၀၃ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ထပ်တိုးလူနာ လေးဦး အနက် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှ တစ်ဦးနှင့် ခရမ်းမြို့နယ်မှ တစ်ဦး တို့မှာ ယူအေအီးမှ ပြန်လည်ဝင်ရောက်လာသူများဖြစ်ပြီး သာကေတမြို့နယ်မှ တစ်ဦးနှင့် တိုက်ကြီးမြို့နယ်မှ တစ်ဦးတို့မှာ အင်္ဂလန်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၃၀၃ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ နှစ်ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိတော့သူ ၂၂၂ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၂၁၆ ဦးနှင့် ဇွန် ၃၀ ရက် နေ့လယ် ၁၂ နာရီမှ ဇူလိုင် ၁ ရက် နေ့လယ် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၄၄ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၇၇၇၆၆ | ၃၀၃ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၂၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၉၉၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၁၆ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၃၂ | ၅ |
| ၂ | ရခိုင် | ၁၂ | |
| ၃ | ချင်း | ၁၀ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၈ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| စုစုပေါင်း | | ၃၀၃ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

MYANMAR DIGITAL NEWS

## ၁-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၇၃၂၇၃၂ | ၁၁၄၃၈၂၃ | ၁၃၀၁၉၆ |
| ၂။ | ဘရာဇီး | ၁၄၀၉၆၉၃ | ၇၉၀၀၄၀ | ၅၉၇၄၅ |
| ၃။ | ရုရှား | ၆၅၄၄၀၅ | ၄၂၂၉၃၁ | ၉၅၃၆ |
| ၄။ | အိန္ဒိယ | ၅၉၃၇၀၃ | ၃၅၃၃၃၃ | ၁၇၅၂၀ |
| ၅။ | ဗြိတိန် | ၃၁၃၄၈၃ | စိစစ်ဆဲ | ၄၃၉၀၆ |
| ၆။ | စပိန် | ၂၉၆၃၅၁ | စိစစ်ဆဲ | ၂၈၃၅၅ |
| ၇။ | ပီရူး | ၂၈၅၂၁၃ | ၁၇၄၅၃၅ | ၉၆၇၇ |
| ၈။ | ချီလီ | ၂၇၉၃၉၃ | ၂၄၁၂၂၉ | ၅၆၈၈ |
| ၉။ | အီတလီ | ၂၄၀၅၇၈ | ၁၉၀၂၄၈ | ၃၄၇၆၇ |
| ၁၀။ | အီရန် | ၂၃၀၂၁၁ | ၁၉၁၄၈၇ | ၁၀၉၅၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁ - ၇ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၇၇၇၀ | ၂၅၅၉၅ | ၂၉၃၄ |
| စင်ကာပူ | ၄၄၁၂၂ | ၃၉၀၁၁ | ၂၆ |
| ဖိလစ်ပိုင် | ၃၈၅၁၁ | ၁၀၄၃၈ | ၁၂၇၀ |
| မလေးရှား | ၈၆၄၀ | ၈၃၇၅ | ၁၂၁ |
| ထိုင်း | ၃၁၇၃ | ၃၀၅၉ | ၅၈ |
| ဗီယက်နမ် | ၃၅၅ | ၃၃၅ | ၀ |
| မြန်မာ | ၃၀၃ | ၂၂၂ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၄၁ | ၁၃၁ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇွန် ၂၇ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၂၁ မြို့နယ်ရှိ နေရာ ၄၉ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်း ကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၅၆ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၇ ကီလိုဂရမ် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဇွန် ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။



ဇွန် ၂၇ ရက်က ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု ရွှေဇားကျေးရွာလမ်းတွင် မော်တော်ယာဉ်များ၊ သုံးဘီးဆိုင်ကယ်များအား ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။



ဇွန် ၂၇ ရက်က ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် မံဝိန်းကြီးကျေးရွာ အ.ထ.က စာသင်ကျောင်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။



ဇွန် ၂၇ ရက်က ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် (၃)မြို့သစ်(အ.ထ.က) ကျောင်းတွင် ဖွင့်လှစ်ထားရှိသော Quarantine Center အား ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။

## COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာ နေရာများသို့သွားသည့် အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကို သိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည် ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်း ကျဆင်းသည့်အဆင့်သို့ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ခွတ်ရေးရာမြှင့်တင်ပေးမှုကို ခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မေလအတွင်း အလုပ်သမားရေးရာဆောင်ရွက်ချက်များ

**နေပြည်တော် ဇူလိုင် ၁**

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံ အလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမား များအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့် ဝဝမှန်မှန်ကန်ကန် ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် အမျိုး သား ၂၁၄၄ ဦး၊ အမျိုးသမီး ၄၈၂၆ ဦးတို့အတွက် အလုပ် ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၆၉၇၀ ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်/အလုပ်သမား အငြင်းပွားမှု များကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိ ဆောင်ရွက်ခဲ့ရာ မေလအတွင်း လက်ခံရရှိမှု ၂၀၀ တွင် အခြားဌာနသို့ လွှဲပြောင်းမှုလေးမှု၊ ကျေအေးမှု ၁၇ မှု၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၅၁ မှု၊ ပိတ်သိမ်းမှု ၁၈ မှု၊ ငွေကြေးအကျိုးခံစားခွင့် ၇၉ မှုနှင့် လက်ကျန်အမှု ၃၁ မှုတို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၂၇၈ ဦးအား ငွေကျပ် ၁၀၁၆၇၀၃၂၄ ကိုခံစားခွင့်ရရှိစေခဲ့သည်။

အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန အနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက်အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခ ကျန်ငွေမရရှိမှုများ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ် ပိတ်ရက်အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရောဂါ တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များ ယူရာတွင် ငွေကြေး ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစား ခွင့် ငွေကျပ်သိန်းပေါင်း ၅၃၀၀ ကျော်ကို ခံစားခွင့်ပေးနိုင် ခဲ့သည်။

အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများ ဖြေရှင်းဆောင် ရွက်ရာ၌ ခုံသမာဓိအဖွဲ့တွင် ၃၆ မှုနှင့် ခုံသမာဓိကောင်စီ တွင် ၁၃ မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သောစက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများ အား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါး ကုသပေးခြင်းများ ဆောင်ရွက်ရာတွင်ငွေကြေးအကျိုးခံ စားခွင့်များထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများ အားငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်း ပေါင်း ၁၃၉၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံ အလုပ်သမား ၉၈၅ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၂၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၂၀ ပြည့်နှစ် မေလ အတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေး ခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှု အခြေအနေများမှာ အလုပ်သမားဆေးရုံကြီးသုံးရုံ (ပြင်ပ လူနာ ၃၆၁၃ ဦး၊ အတွင်းလူနာ ၂၆၅ ဦး) စုစုပေါင်း ၃၈၇၈ ဦး၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ တိုင်းရင်းဆေးခန်း၊ ဌာနကြီး ဆေးခန်း ၆၀ နှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်း ၁၂ ခန်းနှင့် PPS စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်းခုနစ်ခန်းတို့မှ ဆေးကုသပေးမှု စုစုပေါင်း ၅၉၈၇၄ ဦး၊ လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်း ဆေးကုသမှု ခြောက်ကြိမ်မှ ၁၀၇ ဦးတို့ကို ဆေးကုသပေး နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှီးကျူးကျ ဂျာနယ် ထွက်ရှိ

၁-၇-၂၀၂၀ ရက်နေ့ထုတ် အတွဲ(၁၇)၊ အမှတ်(၁၃)တွင်
- စပါးအထွက်တိုးစေဖို့ ပိုတက်စီယမ်ဓာတ် ဖြည့်စွက်ရန် နည်းလမ်းများ
- ပင်ထောင်မြေပဲ အထွက်တိုးအောင် စိုက်ပျိုးကြစို့
- ပိုးသတ်ဆေးအန္တရာယ် သတိပြုကိုင်တွယ်
- လူ့တန်ဖိုး
- တန်းတူညီမျှ အမျိုးသမီးဘဝရရှိနိုင်ဖို့ စွမ်းဆောင်စို့
- ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ မဲစာရင်းပြုစုခြင်းနှင့် ဆန္ဒမဲပေးခြင်း
- ဥစားဘဲနှင့် အသားစားဘဲ မွေးမြူရာတွင် ရွေးချယ်မွေးမြူသင့်သည့် ဘဲမျိုးများ
- နို့စားနွားမွေးမြူရေးနှင့် မေထုံမဲ့ သားစပ်လုပ်ငန်းစီမံခန့်ခွဲမှု (၂)
- သတိပြုသင့်သော စိတ်ရောဂါလက္ခဏာများ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။



တစ်စောင် (၂၀၀) ကျပ် — အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁-၇-၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၇၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၇၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၅၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၈၀ | ကျပ် | ၅၈၅/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၁၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၅ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၆ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၄ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၀ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၉၂ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၀ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၄၄ . ၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၃ . ၄၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၀၇၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၈ . ၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၁၅၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၁၂၉၅ | ၁၃၅၉၈၀၀၀ |
| MTSH | ၃၈၀၀ | ၃၈၅၀ | ၂၀၉၂ | ၇၉၆၂၄၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၂၀ | ၁၆၄၀၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၄၂၂၂ | ၉၇၆၈၁၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၂ | ၅၇၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၇၅ | ၂၀၂၅၀၀ |




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**


မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရတနာပုံခေတ် ဒင်္ဂါးစက်ရုံနှင့် ရက်ကန်းစက်ရုံ

**သိပ္ပံစာရေးဆရာကိုကိုအောင်**

### မြန်မာ့သမိုင်းမှ ဒင်္ဂါးသုံးသည့်ဓလေ့

မြန်မာမင်းများလက်ထက်တွင် ရောင်းဝယ်ရေး မဏ္ဍိုင်အဖြစ် ငွေကိုအတုံးအခဲဖြတ်ကာ အလေးချိန် သတ်မှတ်ပြီး သုံးစွဲခဲ့ကြသော်လည်း ဒင်္ဂါးသုံးစွဲသည့် ဓလေ့မှာ ရှေးမဆွကပင် ရှိခဲ့သည်။

ရှေးဟောင်းသုတေသနဌာန၏ တူးဖော်တွေ့ရှိချက်အရ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်းစသော ပျူမြို့ပြနိုင်ငံများတွင် ငွေဒင်္ဂါးများသုံးစွဲခဲ့ကြောင်း သိရှိရသည်။ မွန်တို့၏ဌာနေဖြစ်သော သုဝဏ္ဏဘုမ္မိတွင် လည်းကောင်း၊ ရခိုင်ဝေသာလီမြို့ဟောင်းတွင်လည်းကောင်း ဒင်္ဂါးများကို တူးဖော်တွေ့ရှိရသဖြင့် မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ် ပေါင်း ၂၀၀၀ ကျော်ကပင် ဒင်္ဂါးများခတ်လုပ် သုံးစွဲခဲ့ကြကြောင်း ထင်ရှားသည်။

ဒင်္ဂါးသုံးစွဲမှုကို ပုဂံခေတ်နှင့် အင်းဝခေတ်များ၌ ထင်ထင်ရှားရှား မတွေ့ရသော်လည်း ရခိုင်တွင်မူ အေဒီ ၁၆ ရာစုအတွင်းက သုံးစွဲခဲ့ကြောင်း တွေ့ရှိရသည်။ ထိုရခိုင်ဒင်္ဂါးများတွင် သက္ကရာဇ်နှင့်တကွ စိုးစံနေသော ဘုရင်၏ ဘွဲ့အမည်များကို ခတ်နှိပ်ထားသည်။ ထို့အတူ ဟံသာဝတီ ဆင်ဖြူရှင် ဘုရင့်နောင်လက်ထက်တွင်လည်း ဒင်္ဂါးသုံးစွဲမှုရှိခဲ့သည်ဟု ယူဆကြသည်။ ကြေးစင့္ဂစကဲ့သို့သော အသပြာကို ရောင်းဝယ်ရာ၌ အသုံးပြုသည်ဟု နိုင်ငံခြားသား မှတ်တမ်းတချို့ကဆိုသည်။ ဦးကုလား မဟာရာဇဝင်ကြီးတွင်တွေ့ရသော ဘုရင့်နောင်၏ အလှူတော် ငွေစာရင်းကိုထောက်၍ ဟင်္သာတံဆိပ် ငွေဒင်္ဂါးများ ဖြစ်မည်ဟု ခန့်မှန်းချက်များလည်း ရှိခဲ့သည်။

### ဗဒုံမင်းလက်ထက် ဒင်္ဂါးလေးမျိုး

ကုန်းဘောင်ခေတ်လယ် ဗဒုံမင်းလက်ထက်တွင်မူ ဒင်္ဂါးလေးမျိုးကို အသုံးပြုခဲ့သည်။ ငွေဒင်္ဂါးလေးမျိုးမှာ မြန်မာဒင်္ဂါး၊ ရခိုင်ဒင်္ဂါး၊ ဝေသာလီဒင်္ဂါးနှင့် ကုလားဒင်္ဂါးတို့ ဖြစ်ကြသည်။ မြန်မာသုံးဒင်္ဂါးဖြစ်သော ကျပ်သုံးဒင်္ဂါးပြားရေ ၁၆၄ ပြားသည် ငွေတစ်ပိဿာနှင့် ညီမျှသည်။ ရခိုင်ဒင်္ဂါးလေးပြားလျှင် မြန်မာအချိန် ၂ ကျပ် ၁ မတ်နှင့် ညီမျှသည်။ ဝေသာလီဒင်္ဂါး လေးပြားလျှင် မြန်မာအချိန် ၂ ကျပ် ၃ မတ် ၁ ပဲနှင့် ညီမျှသည်။ ကုလားဒင်္ဂါးခေါ် အရှေ့အိန္ဒိယ ဒင်္ဂါးတစ်ပြားမှာ မြန်မာအချိန်အတွယ် တစ်ကျပ်နှင့် ညီမျှသည်။ ဗဒုံမင်းလက်ထက်တွင် ကြေးနီဒင်္ဂါး သုံးစွဲခဲ့သေးသော်လည်း ပြည်သူအများက ကြေးနီဒင်္ဂါးကို မနှစ်သက်ကြသောကြောင့် ၁၈၁၂ ခုနှစ်တွင် ရှေးကသုံးမြဲ ခဲကိုပင်သုံးရန် ဘုရင်က အမိန့်တော်ထုတ်ပြန်ခဲ့ရသည်။ ဗဒုံမင်း လက်ထက်ကသုံးစွဲခဲ့သော မြန်မာငွေဒင်္ဂါးနှင့် ကြေးဒင်္ဂါးများ၌ တစ်ဖက်တွင် သာသနာတော်နှစ် ၂၃၂၅ နှင့် အခြားတစ်ဖက်တွင် ရွှေပြည်စိုးတံဆိပ်ခတ်နှိပ်ထားသည်။

ရွှေဘိုမင်း ၁၈၃၇–၄၆ လက်ထက်တွင် တစ်ဖက်၌ လဝန်းနှင့်ယုန်ရုပ်၊ အခြားတစ်ဖက်၌ ပဒုမ္မာကြာကို ခတ်လုပ်ထားသော ငွေဒင်္ဂါးများကို သုံးစွဲခဲ့သည်။ ပုဂံမင်း ၁၈၄၆–၅၂ လက်ထက်တွင်လည်း တစ်ဖက်တွင် သာသနာတော်နှစ် ၂၃၉၀ နှင့် အခြားတစ်ဖက်တွင် ရွှေပြည်စိုးတံဆိပ် ခတ်နှိပ်ထားသော ငွေဒင်္ဂါးများကို သုံးစွဲခဲ့သည်။

ထိုကဲ့သို့သုံးစွဲခဲ့သော ဒင်္ဂါးများကို မည်ကဲ့သို့ ခတ်လုပ်သည်ဟူ၍ တိတိကျကျမသိရပေ။ သို့ရာတွင် ဗဒုံမင်း ၁၇၈၂–၁၈၁၉ လက်ထက်က ဒင်္ဂါးခတ်စက်ကို တည်ထောင်ခဲ့သည်ဟု ခန့်မှန်းရသည်။ ၁၇၉၇ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကပ္ပတိန်ကောက်စ်က ဒင်္ဂါးခတ်စက်တစ်လုံးကို အမရပူရသို့ယူဆောင်လာပြီး ဘုရင်အား ဆက်သခဲ့ရာ ထိုစက်မှာ ဘင်္ဂလားနယ် မောက်သူဇာမှ စက်ဟောင်း တစ်ခုဖြစ်သည်။ ထိုနှစ်ဇွန်လလောက်တွင် စက်များကို တပ်ဆင်ပြီး ဇူလိုင်လခန့်တွင် ဒင်္ဂါးများကို စတင်ခတ်နှိပ် ထုတ်လုပ်ခဲ့သည်ဟုဆိုသည်။ ပြည်သူတို့က မသုံးစွဲလိုကြသော ကြေးဒင်္ဂါးများမှာ ထိုစက်မှထုတ်လုပ်သော ဒင်္ဂါးများဖြစ်မည်ဟု ယူဆရသည်။ ဘုရင်က လက်လျှော့ကာ ခဲကို သုံးမြဲအတိုင်းသုံးစေရန် အမိန့်ထုတ်ပြန်ခဲ့ရသဖြင့် ဗဒုံမင်းလက်ထက်က ဒင်္ဂါးစက်တည်ထောင်မှု မအောင်မြင်ခဲ့ဟု ဆိုရမည်ဖြစ်သည်။

### မင်းတုန်းမင်းလက်ထက် ဒင်္ဂါးစက်

မြန်မာနိုင်ငံတွင် ခေတ်မီစက်များဖြင့် ဒင်္ဂါးများ အောင်မြင်စွာခတ်လုပ်နိုင်ခြင်းကို ရတနာပုံခေတ် မင်းတုန်းမင်းလက်ထက်က စတင်ခဲ့သည်ဟု ဆိုနိုင်သည်။ ရတနာပုံခေတ်တွင် ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံနှင့် ကူးသန်းရောင်းဝယ်မှု တိုးတက်များပြားလာခဲ့သည်။ ထို့ပြင် နိုင်ငံခြားမှ စက်နှင့်စက်ပစ္စည်းကိရိယာများ ဝယ်ယူခြင်း၊ ပညာတော်သင်များ စေလွှတ်ထားခြင်းစသော ခေတ်မီလုပ်ငန်းများကို လုပ်ဆောင်လာနိုင်သဖြင့် တိကျခိုင်လုံသော ငွေကြေးစနစ်တစ်ရပ်ကို ထားရှိသုံးစွဲရန် လိုအပ်လာသည်။ ထို့ကြောင့်ပင် ရတနာပုံ နေပြည်တော်၌ ၁၈၆၅ ခုနှစ်တွင် ဒင်္ဂါးစက်ရုံတစ်ခု တည်ထောင်ခဲ့ခြင်းဖြစ်သည်။

အုတ်၊ အင်္ဂတေတို့ဖြင့်ပြီးသော ကြီးကျယ်ခိုင်ခံ့သည့် ဒင်္ဂါးစက်ရုံကို နန်းတော်သစ်တပ်အတွင်း ပ ဟိုရ်စင်မြောက်ဘက်၌ ဆောက်လုပ်ခဲ့ရာ ၁၈၆၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက် စနေနေ့ နံနက်ခင်း အခါတော်ကျရောက်ချိန်၌ ဒင်္ဂါးများကို စတင်ခတ်လုပ်ခဲ့သည်။ ထိုဒင်္ဂါးစက်ရုံတွင် ငွေရည်ကျိုသည့်တိုက်ခန်း၊ ငွေပြားကြိတ်သည့်တိုက်ခန်း၊ ကြိတ်ပြီးသောငွေပြားကို ပျော့ပျောင်းအောင် ဆေးရည်ဖြင့် ဓာတ်စိမ်သည့်တိုက်ခန်း၊ ငွေပြားကိုညီညာအောင် သံလုံးစက်ဖြင့်ကြိတ်သည့် တိုက်ခန်း၊ ငွေပြားကြီးမှ ဒင်္ဂါးပြား၊ ငါးမူးပြား၊ မတ်စေ့၊ မူးစေ့များရရှိအောင် ဖောက်စက်နှင့် ဖောက်ယူသည့် တိုက်ခန်း၊ ဒင်္ဂါးထောင့်ဖိသည့် တိုက်ခန်း၊ ဒင်္ဂါးကိုဖြူစင်အောင် ဆေးရည်ဓာတ်ရည်တို့ဖြင့် ဆေးကြောသည့် တိုက်ခန်း၊ အချောသပ်ပွတ်သည့် တိုက်ခန်း၊ အရုပ်ပန်းထောင့်ပိတ်ဖြစ်အောင် ရိုက်သည့်စက်ခန်း၊ ဒင်္ဂါးများကို ချိန်တွယ်မှတ်သားရန် ချိန်ခွင်ထားသည့် တိုက်ခန်းတို့ ပြည့်စုံစွာရှိခဲ့သည်။

ဒင်္ဂါးခတ်လုပ်ရန်စက်ကို အင်္ဂလိပ်ကုန်သည်ကြီး ဝီလျံဝါလစ်က ပြင်သစ်မှဝယ်ယူပြီး ပေးသွင်းခဲ့သည်။ ထိုကဲ့သို့ ဝယ်ယူပေးသွင်းသည့်အတွက် မြန်မာဘုရင်က ဝီလျံဝါလစ်အား တောင်ငူသစ်တောရှိသစ်များကို ဝယ်ယူခွင့်ပေးခြင်းဖြင့် စက်ဖိုးပေးချေခဲ့သည်။ ၁၈၆၆ ခုနှစ်တွင် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးရိုက်ရန်အတွက် တံဆိပ်များဝယ်ယူရန် ဘင်္ဂလားသို့ စေလွှတ်ခဲ့သည့်အပြင် ကာလကတ္တား (ကိုလ်ကတ္တား) ဒင်္ဂါးစက်ရုံ အုပ်ချုပ်ပုံစည်းမျဉ်းဥပဒေ၊ ငွေကို စင်ကြယ်အောင်ပြုလုပ်နည်းနှင့် ငွေဒင်္ဂါးတစ်ကျပ်၌ သတ္တုရောသည့်စံနှုန်း စသည်တို့ကိုလည်း ရယူနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ရတနာပုံဒင်္ဂါးစက်ရုံမှ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး၊ ငါးမူးစေ့၊ မတ်စေ့၊ မူးစေ့များ ထုတ်လုပ်သည့် စွမ်းအားမှာ တစ်ရက်လျှင် ကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ အထိရှိသည်။ ကျပ်သုံးငွေဒင်္ဂါးများ၌ တစ်ဖက်တွင် မင်းတုန်းမင်း နန်းတက်သက္ကရာဇ် ၁၂၁၄ ကိုလည်းကောင်း၊ အခြားတစ်ဖက်တွင် ဒေါင်းတံဆိပ်ကိုလည်းကောင်း ခတ်နှိပ်ထုတ်လုပ်ခဲ့သည်။ သီပေါမင်း ပါတော်မူသည်အထိဖြစ်သော အနှစ် ၂၀ ကာလအတွင်း ရတနာပုံဒင်္ဂါးစက်ရုံမှ ခတ်လုပ်ခဲ့သည့် ငွေဒင်္ဂါးတန်ဖိုးမှာ ၂၈ သန်းကျော်ခန့်ဖြစ်သည်။ ရတနာပုံခေတ် ကျပ်သုံး ဒေါင်းတံဆိပ်ငွေဒင်္ဂါးကို အိန္ဒိယသုံးငွေဒင်္ဂါးနှင့် အလေးချိန်၊ အရည်အသွေးတို့ တစ်တန်းတစ်စားတည်းဖြစ်စေရန် ရည်ရွယ်၍ လုပ်ဆောင်ခဲ့သောကြောင့် ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံနှင့် ကူးသန်းရောင်းဝယ်ရေးမှာ ဖြောင့်ဖြူးလွယ်ကူခဲ့သည်။

### မြန်မာ့ရက်ကန်းစက်ရုံ

မြန်မာတို့သည် ဝတ်ရေးဆိုင်ရာ လိုအပ်ချက်အရပ်ရပ်ကိုလည်း ကိုယ်တိုင်ထုတ်လုပ် ဖြည့်ဆည်းနိုင်ခဲ့ကြသည်။ အိမ်တိုင်းတွင် ရက်ကန်းစင်နှင့် ရက်ကန်းလုပ်ငန်းဆိုင်ရာ ပစ္စည်းကိရိယာများ ရှိခဲ့သည်။ ရက်ကန်းစင်များမှာ အိမ်တိုင်းတွင် မလုပ်မဖြစ် လုပ်ဆောင်ရသော အိမ်တွင်းလက်မှု လုပ်ငန်းဖြစ်သည်။

> **"မြန်မာတို့သည် ရက်ကန်းပညာကို ရှေးအစဉ်အဆက်ကပင် ကျွမ်းကျင်တတ်မြောက်ခဲ့ကြသည့်အားလျော်စွာ စက်ရက်ကန်းကိုလည်း မြင်ရုံမျှဖြင့် ကိုင်တွယ်လုပ်ကိုင်နိုင်မည်ဟု ယူဆခဲ့ကြသောကြောင့် နိုင်ငံခြားသားပညာရှင်များကို အချိန်တိုမျှသာခေါ်ယူခဲ့သည်။ ခေါ်ယူခဲ့သည့် ပညာရှင်များကလည်း ကာခမ်းကဲ့သို့ မူးယစ်ရမ်းကားရန်မူသူ၊ လုပ်ငန်းအပေါ် စေတနာမရှိသူများသာ ဖြစ်ကြသဖြင့် လုပ်ငန်းအောင်မြင်မှုမရှိခဲ့ဟု ဆိုရမည်ဖြစ်သည်။"**

ရတနာပုံခေတ်သို့ ရောက်သောအခါ ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံမှတစ်ဆင့် နိုင်ငံခြားဖြစ် အဆင်ဆန်းပိတ်သားကောင်းများ နေပြည်တော်သို့ ဝင်ရောက်လာခဲ့သည်။ ရွှေနန်းတွင်းမင်းပရိသတ်တို့၏ ခုံမင်နှစ်သက်မှုကို ရရှိလာသောကြောင့် ထိုကဲ့သို့သော ခေတ်မီအထည်မျိုးများ ရက်လုပ်နိုင်ရန် ရတနာပုံနေပြည်တော်၌ ခေတ်မီရက်ကန်းစက်ရုံတစ်ရုံ တည်ထောင်ခဲ့သည်။

ရက်ကန်းစက်ရုံမှာ မြောက်ပြင် အမရစံခေါ်ရပ် ရွှေတချောင်းအရှေ့ဘက်ကမ်း၌ အမြောက်သေနတ် စက်ရုံနှင့် ကပ်လျက်တည်ရှိခဲ့သည်။ စက်ရုံတွင် ဘက်ဖို့ဒ်မြို့ဟောင်းဝတ်ကုမ္ပဏီထုတ် ဘွိုင်လာအိုးကြီးတစ်ခု၊ ရှော့သ်ဝဲလ်ကုမ္ပဏီမှ ၁၈၆၉ ခုနှစ်က ထုတ်လုပ်ခဲ့သော မြင်းကောင်ရေ ၄၀ အား အင်ဂျင်စက်တစ်လုံးနှင့် ဟဲသားရင်တန် ကုမ္ပဏီထုတ် စက်ရက်ကန်းစင် ၈၀ ခန့်၊ ရက်ဖောက်တံ ၁၅၀၀ ခန့်နှင့် လွန်း၊ တည်ငင်းလုံး၊ ရစ်၊ ချား စသည့် ကိရိယာများ ပြည့်စုံစွာရှိသည်။ ထို့ပြင် ရက်ကန်းစက်ရုံတွင် ဝါကြိတ်စက်၊ ဝါဖန်စက်၊ ဗိုင်းတောင့်လုပ်စက်၊ ချည်ဆွဲစက်၊ ချည်မျှင်ချည်ချော ပြုလုပ်သောစက် အဆင့်ဆင့်နှင့် ချည်ဝင့်စက်၊ ချည်ခင်ခေါက်စက်၊ ချည်စာယူရန် တိုက်ခန်း၊ ရက်ကန်း ရှယ်ရာတိုက်ခန်း၊ နှပ်ကောက်သည့်တိုက်ခန်း၊ ရက်ကန်းစက်များ ထားသိုရက်လုပ်ရာ တိုက်ခန်း၊ အထည်ခေါက်သည့်စက်ခန်း စသည်တို့လည်း အပြည့်အစုံရှိသည်။

ရက်ကန်းစင်များနှင့် စက်များကို ရန်ကုန်မြို့ရှိ ကုမ္ပဏီတစ်ခုမှ ကန်ထရိုက်ဖြင့် ခေါ်ယူသော နိုင်ငံခြားသား ဂျုံးနှင့်ကာခမ်းတို့က ကြီးကြပ်တပ်ဆင်ပေးခဲ့သည်။ စက်များမှာ အလွန်ကောင်းမွန်ပြီး တစ်ရက်လျှင် အထည်ကိုက်ပေါင်း ၁၀၀၀ ခန့် ထုတ်လုပ်နိုင်စွမ်းရှိသည်။ သို့ရာတွင် လက်ရက်ကန်းကိုသာ ပိုင်နိုင်စွာခတ်နိုင်ခဲ့သော မြန်မာတို့အဖို့ စက်ရက်ကန်းနှင့် အကျွမ်းတဝင် မရှိခဲ့ကြသောကြောင့် နိုင်ငံခြားသား ရက်ကန်းပညာရှင်များကိုသာ အားထားလုပ်ဆောင်ခဲ့ကြရသည်။ ဂျုံးနှင့် ကာခမ်းတို့က စက်များတပ်ဆင်ပြီးနောက် ၁၈၇၂ ခုနှစ်မှာပင် ပြန်သွားခဲ့ကြသဖြင့် ရက်ကန်းရက်ရန် လန်ကတ်ရှိုင်းယားမှ ရက်ကန်းပညာရှင်နှစ်ဦးကို ထပ်မံ ခေါ်ယူခဲ့ကြရသည်။

### မအောင်မြင်ခဲ့သော ရက်ကန်းစက်ရုံ

ရတနာပုံ ရက်ကန်းစင်များတွင် ဘုရင်အလိုရှိရာ ချည်ထည်များကို ရက်လုပ်ကြရသည်။ အဓိကပြဿနာမှာ မြန်မာပြည်ထွက်ဝါကို ပိတ်ချောရက်လုပ်နိုင်ရန်အတွက် ချည်ချောချည်မျှင်ဆွဲ၍ မရခြင်းပင်ဖြစ်သည်။ ၁၈၇၂ ခုနှစ် နိုဝင်ဘာလအထိ လန်ကတ်ရှိုင်းယားမှ ရက်ကန်းပညာရှင်များ မရောက်သေးသဖြင့် ရက်လုပ်သည့်လုပ်ငန်းမှာ မစရသေးဘဲ ရှိခဲ့သည်။ ထိုပညာရှင်နှစ်ဦးကိုလည်း မြန်မာဘုရင်က ရှစ်လတာအတွက်သာ စာချုပ်၍ ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ ၁၈၇၃ ခုနှစ်တွင် ကုန်ထုတ်လုပ်မှုကို စတင်နိုင်ခဲ့သော်လည်း မျှော်မှန်းခဲ့သော အထည်ချော အထည်ကောင်းများကို မထုတ်လုပ်နိုင်သေးပေ။ လုံချည်ခေါ် ဝါညစ်ညစ် ခပ်ကြမ်းကြမ်း ပိတ်မျိုးကိုသာ တစ်ရက်လျှင် အုပ်ပေါင်း ၃၀ မှ ၃၂ အုပ်ခန့်အထိ ထုတ်လုပ်နိုင်ခဲ့သည်။

ရက်ကန်းစက်ရုံတွင် ကတ္တီပါများကို ရက်လုပ်ခဲ့သည်ဟု အချို့ကဆိုကြသော်လည်း ရည်မှန်းခြင်းမျှသာဖြစ်ပြီး လက်တွေ့လုပ်နိုင်ခဲ့ပုံ မပေါ်ပေ။ ရတနာပုံ ရက်ကန်းစက်ရုံသည် ရင်းနှီးမြှုပ်နှံ ကုန်ကျသလောက် လုပ်ငန်းမတွင်ကျယ်ခဲ့ကြောင်း သီပေါမင်းလက်ထက်က ရဲမက်တော်တို့အတွက် စစ်ဝတ်အင်္ကျီနှင့် ပုဆိုးများကို ကုန်သည်များထံမှ အများအပြားဝယ်ယူခဲ့သည့် အထောက်အထားများက ပြဆိုနေသည်။ ထို့ပြင် မင်းမိဖုရားတို့က အမှုထမ်းကြီးငယ်တို့အား ဆုတော်ပေးသနားရန်နှင့် လှူဒါန်းရန်အတွက် ပုဆိုးနှင့် ထဘီ အထည်အများအပြားကို နေပြည်တော်၌ ဝယ်မရသဖြင့် နန်းမတော်မိဖုရား စာရေးကြီးကို ရန်ကုန်နှင့် ဘင်္ဂလားတို့သို့ စေလွှတ်ကာ ငွေငါးသိန်းကျော်ဖိုးရှိ အထည်အလိပ်များ ဝယ်ယူစေခဲ့သည်။ နိုင်ငံခြားသား ကုန်သည်ကြီးများထံမှလည်း ပိုးထည်၊ ဖဲထည်၊ သရက်ထည်နှင့် ပိတ်အုပ်စသည့် အထည်အလိပ်အမျိုးမျိုးကို ဝယ်ယူခြင်းများလည်း ရှိခဲ့သည်။

မြန်မာတို့သည် ရက်ကန်းပညာကို ရှေးအစဉ်အဆက်ကပင် ကျွမ်းကျင်တတ်မြောက်ခဲ့ကြသည့်အားလျော်စွာ စက်ရက်ကန်းကိုလည်း မြင်ရုံမျှဖြင့် ကိုင်တွယ်လုပ်ကိုင်နိုင်မည်ဟု ယူဆခဲ့ကြသောကြောင့် နိုင်ငံခြား သား ပညာရှင်များကို အချိန်တိုမျှသာ ခေါ်ယူခဲ့သည်။ ခေါ်ယူခဲ့သည့် ပညာရှင်များကလည်း ကာခမ်းကဲ့သို့ မူးယစ်ရမ်းကား ရန်မူသူ၊ လုပ်ငန်းအပေါ် စေတနာမရှိသူများသာဖြစ်ကြသဖြင့် လုပ်ငန်းအောင်မြင်မှုမရှိခဲ့ဟု ဆိုရမည်ဖြစ်သည်။ ထို့ပြင် တည်ထောင်သောစက်နှင့် ပြည်တွင်းထွက် ကုန်ကြမ်းများအား မစပ်ဟပ်တတ်သဖြင့် ချည်ချောကို ပြည်ပမှဝယ်ယူ အားကိုးရမည့် အခြေအနေမျိုး ဖြစ်နေခြင်းကလည်း အားနည်းချက်နှင့် ပျော့ကွက်များဖြစ်နေခဲ့သည်။ ရက်ကန်းစက်သည် ပြည်သူတို့၏ ဝတ်ရေးကိစ္စအတွက် လွယ်ကူပေါများ သက်သာအောင် ဖြည့်ဆည်းပေးရမည့် စက်မျိုးဖြစ်သော်လည်း ပြည်သူနှင့် လုံးဝကင်းကွာ နေခဲ့ကာ ပြည်သူတို့ ဘဝအတွက် မည်သို့သော ထူးခြားပြောင်းလဲမှုကိုမျှ မဖြစ်ပေါ်စေခဲ့ပေ။ ။

---

### ဟားခါးမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အရန်မီးသတ်ဝတ်စုံများပေးအပ်

ဟားခါး ဇူလိုင် ၁

ချင်းပြည်နယ် မီးသတ်ဦးစီးဌာနမှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဝယ်ယူထားသော အရန်မီးသတ် ဝတ်စုံ ၂၈၀ ကို ပြည်နယ်မီးသတ်ဦးစီးမှူးရုံးမှ ဟားခါးမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် အရန်မီးသတ်ဝတ်စုံပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက အရန်မီးသတ်ဝတ်စုံ ၂၈၀ ကို ပေးအပ်ရာ သက်ဆိုင်ရာ ရပ်ကွက် ၊ ကျေးရွာများရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက လက်ခံယူကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ပလက်ဝမြို့နယ် နေရပ်စွန့်ခွာသူများအတွက် အလှူရှင်များက အဝတ်အထည်များ လာရောက်လှူဒါန်း

**ဟားခါး ဇူလိုင် ၁**

ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့်ဆမီးမြို့အတွင်းရှိ နေရပ်စွန့်ခွာသူများအတွက် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဇင်ကိုကိုအောင်နှင့် ဆရာဝန်များက စုပေါင်းပြီးအဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းပွဲကို ဇွန် ၂၉ ရက်က ပြည်နယ်ဝန်ကြီးချုပ် ရုံးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်ဝန်ကြီးများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပြည်သူ့ဆေးရုံအုပ်ကြီးက ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ဆမီးမြို့တို့မှ နေရပ်စွန့်ခွာသူများအတွက် လူသားချင်းစာနာသောအားဖြင့် အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းနိုင်ရေးအတွက် ဆရာဝန်များအားလုံးနှင့်အတူ မန္တလေးမြို့မှ အလှူရှင်များပူးပေါင်းဆောင်ရွက်ခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အဝတ်အထည်နှင့် အသုံးအဆောင် ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **(ယာပုံ)**

နေရပ်စွန့်ခွာသူများအတွက် မန္တလေးမြို့မှ ဒေါက်တာခင်အေးစိန်က ငွေကျပ်ခြောက်သိန်း တန်ဖိုးရှိ အဝတ်အထည် ၂၀၀၊ ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များက ငွေကျပ်ခြောက်သိန်းသုံးသောင်းတန်ဖိုးရှိအဝတ်အထည် ၄၅ စုံ တို့ကို ပေးမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူနှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်က ပြောကြားသည်။

**ခရိုင် (ပြန်/ဆက်)**



# ဖြောင့်မတ်တည်ကြည်မှု ကျင့်ဝတ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

**ဘားအံ ဇူလိုင် ၁**

ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး အစီအစဉ်အနေဖြင့် ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များကို ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ တရားလွှတ်တော် တရားသူကြီးချုပ်၊ တရားသူကြီးများ ဖတ်ရှုလေ့လာနိုင်ရန်နှင့် စာကြည့်တိုက်တွင် ထားရှိလေ့လာနိုင်ရန်အတွက် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၃၀ ရက်က ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အဂတိလိုက်စားမှု ပြဿနာများနှင့် ပတ်သက်၍ သတိမမူ ဂူမမြင်ဖြစ်နေခြင်း၊ ပညာရှိသတိဖြစ်ခဲ့ဖြစ်နေခြင်းတို့ကို ကော်မရှင်အနေဖြင့် ယခုကဲ့သို့ ဖြောင့်မတ်တည်ကြည်မှု ကျင့်ဝတ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ရည်ညွှန်းစာစောင်များ ပေးအပ်လှူဒါန်းပြီး အသိပညာပေးခြင်းဖြစ်၍ အကျိုးကျေးဇူးများကြောင်း၊ နောင်တွင် ယခုစာအုပ်များကို ဖတ်ရှု၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ပြီဖြစ်ကာ ကော်မရှင်အား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းက ဖြောင့်မတ်တည်ကြည်မှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်း ပေးအပ်ခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့အတွက် ပြည်နယ်ဝန်ကြီးချုပ် ထံသို့ ရည်ညွှန်းစာစောင် ၁၃ စုံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်ထံသို့ ရည်ညွှန်းစာစောင်၂၃ စုံ၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းထံသို့ ရည်ညွှန်းစာစောင် ငါးစုံ၊ စုစုပေါင်း ရည်ညွှန်းစာစောင် ၄၁ စုံကို လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။**(အပေါ်ပုံ)**

**သတင်းစဉ်**

# ပဲခူးမြို့နယ်အတွင်း ဆေးဝါးစက်ရုံတည်ဆောက်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ လာရောက်ဆွေးနွေး

**ပဲခူး ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းထံသို့ ပဲခူးမြို့နယ်အတွင်း ဆေးဝါးစက်ရုံတည်ဆောက်နိုင်ရေး MNO Limited မှ ဇွန် ၃၀ ရက်က လာရောက်တွေ့ဆုံသည်။**(အောက်ပုံ)**

MNO Limited မန်နေဂျင်းဒါရိုက်တာ ဦးထွန်းထွန်းဝင်းက ပဲခူးမြို့နယ်အတွင်း နိုင်ငံတကာအဆင့်မီ ဆေးဝါးစက်ရုံတည်ဆောက်နိုင်ရေးအတွက် လာရောက်တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ မိမိတို့တည်ဆောက်မည့် ဆေးဝါးစက်ရုံတွင် လုပ်သား အင်အား ၃၀၀၀ ကျော်ခန့် အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်မည်ဖြစ်ပြီး အခြေခံလစာကျပ်ငါးသိန်းမှ စတင်မည်ဖြစ်ကြောင်း၊ လူနေအိမ်ရာများနှင့်အလှမ်းကွာဝေးသည့်နေရာတွင် သာလိုအပ်ကြောင်းနှင့် ပြည်တွင်းလုပ်ငန်းရှင်အနေဖြင့်သာ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြစ်၍ ပိုမိုကြိုဆိုကြောင်း၊ တိုင်းပြည်အတွက်လည်း ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည် ဖြစ်ကြောင်း၊ သင့်တော်သည့် မြေနေရာရရှိနိုင်ရေး ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး ဥပဒေနှင့်အညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့၏ ညွှန်ကြားချက်ဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ MNO Limited မှ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**ဟိန်းထက်(ပြန်/ဆက်)**



# တောင်ကြီးမြို့ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်ဝင်းအတွင်း သစ်ပင်များစိုက်ပျိုး

**တောင်ကြီး ဇူလိုင် ၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ညီညီအောင် ဦးဆောင်၍ ဇူလိုင် ၄ ရက်တွင် ကျရောက်မည့် ရှမ်းပြည်နယ်သစ်ပင် စိုက်ပျိုးရေးနေ့ အကြိုသစ်ပင်စိုက်ပျိုးမှုကို ဇွန် ၃၀ ရက်က ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်ဝင်းအတွင်း ထင်းရှူးသစ်မျိုး ၂၅၀ နှင့်ချယ်ရီ ၂၅၀ ၊ ကေစွန်ဝါးငါးပင် စိုက်ပျိုးခဲ့ကြသည်။

ထင်းရှူးသစ်မျိုး ၄၀ နှင့် ချယ်ရီ ၅၀ တို့ကိုလည်း ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်ကျောင်းသို့ လှူဒါန်းပေးသည်။

သစ်ပင်စိုက်ပျိုးခြင်းအခမ်းအနားသို့ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်နယ်သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးရုံး၊ တောင်ကြီးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် မြို့နယ် သစ်တောဦးစီးဌာနရုံးမှ ဝန်ထမ်းတို့က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကိုဗစ်-၁၉ ဆိုင်ရာလိုက်နာရန်အချက်များနှင့် အညီ စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်များ ရှင်သန်ပေါက်ရောက်ရန်အတွက် ခက်ခဲသောကျောက်သားမြေပေါ်တွင် စက်ယန္တရားများဖြင့် သုံးပေပတ်လည်၊ သုံးပေအနက် မြေကျင်းများ တူးဖော်မြေစား ထည့်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



# လမ်းကူးကျေးရွာအနီး ဧရာဝတီမြစ်ကမ်းပါးပြိုကျမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ရေနံချောင်း ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဝက်လွတ်ကျေးရွာအုပ်စု လမ်းကူးကျေးရွာအနီး ဧရာဝတီမြစ် ရေတိုက်စားပြီး ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ်များဘေးအန္တရာယ်ကျရောက်မှု မရှိစေရန်နှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဇွန် ၃၀ ရက်က အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကြည့်ရှုရာတွင် အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်ထွန်း၊ မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမန်ကိုဟောနှင့် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များက လမ်းကူးကျေးရွာတွင် မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်များ ဖျက်ဆီးစုပုံထားမှုများကို ကြည့်ရှုခဲ့ပြီး ဘေးလွတ်ရာသို့ အမြန်ဆုံးပြောင်းရွှေ့နေရာချထားပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ကြောင်း သိရသည်။

**ကိုစိုးကြီး**

**ရတနာသစ်တော၊ ပြည့်သွေးကြော**
**သစ်တောရတနာ၊ ထိန်းသိမ်းပါ**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေထီဆွဲဌာနခွဲ

(၁၇) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

ည - ၈၅၃၀၉၅

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဖ - ၇၈၇၃၅၄

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ခ - ၄၀၆၈၂၀ ဃ - ၈၄၇၉၃၀

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀၀)ဆုများ

| | |
|---|---|
| ဍ | ၂၆၆၀၈၇ |
| ဋ | ၃၂၀၀၁၈ |
| ဝ | ၅၇၉၁၉၇ |
| မ | ၈၁၈၅၄၉ |
| ဇ | ၈၈၇၅၁၀ |

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

| | |
|---|---|
| ဝ | ၁၂၀၃၆၄ |
| ဋ | ၁၄၄၁၆၅ |
| ဆ | ၃၅၆၉၁၀ |
| ဂ | ၃၉၄၃၂၅ |
| ဃ | ၅၅၄၅၉၀ |
| ဍ | ၆၀၈၃၁၉ |
| ကဃ | ၈၉၈၃၅၀ |

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

| | | | |
|---|---|---|---|
| ရ | ၁၁၇၀၁၂ | ဟ | ၅၄၉၅၇၃ |
| ဎ | ၃၁၃၇၉၆ | ဈ | ၆၂၀၆၆၀ |
| ဍ | ၃၂၇၂၅၂ | ဋ | ၆၄၇၂၂၃ |
| ဇ | ၃၂၉၃၂၇ | ဗ | ၇၀၀၈၆၅ |
| ဍ | ၃၆၇၀၆၁ | ခ | ၇၁၂၀၀၅ |
| တ | ၃၉၂၆၀၁ | ကဂ | ၇၅၉၃၂၇ |
| ဏ | ၄၁၀၀၃၄ | ဝ | ၈၂၉၀၃၀ |
| ပ | ၄၆၀၂၂၉ | ထ | ၈၄၈၀၀၈ |
| ရ | ၄၇၇၆၉၃ | ဆ | ၉၆၄၃၃၇ |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဆ | ၁၉၁၃၈၁ | ဖ | ၄၅၁၀၂၄ | သ | ၆၅၇၆၅၃ |
| ဇ | ၁၉၇၆၆၉ | မ | ၄၆၃၃၃၁ | ဏ | ၆၈၂၅၆၂ |
| ကဂ | ၂၀၀၇၆၈ | ကဂ | ၅၉၆၀၁၄ | ဇ | ၇၅၁၈၇၃ |
| ထ | ၂၀၁၂၄၅ | ဋ | ၆၀၇၁၇၅ | ဇ | ၇၅၄၅၂၁ |
| မ | ၃၇၃၉၁၆ | ဎ | ၆၁၆၈၁၇ | ခ | ၈၃၉၉၈၂ |
| ပ | ၄၀၇၂၆၁ | အ | ၆၃၅၂၆၁ | ဒ | ၈၄၂၅၂၉ |
| ည | ၄၁၅၉၇၂ | ပ | ၆၅၅၀၂၄ | န | ၈၅၅၅၆၉ |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| စ | ၂၄၆၂၄၅ | ကစ | ၅၇၃၄၁၈ | န | ၇၉၉၄၅၆ |
| ဆ | ၂၉၂၃၂၁ | ဘ | ၅၉၉၀၀၅ | ဟ | ၈၁၂၈၄၄ |
| ဋ | ၃၃၃၁၆၉ | လ | ၆၀၁၃၀၆ | န | ၈၁၅၀၀၈ |
| ဗ | ၃၄၉၀၃၅ | ပ | ၆၅၁၄၅၇ | စ | ၈၂၃၂၃၄ |
| ဈ | ၃၇၃၉၉၂ | ယ | ၇၃၆၈၄၈ | ထ | ၈၈၁၇၀၅ |
| သ | ၃၈၂၄၅၃ | ယ | ၇၅၀၀၀၈ | င | ၉၁၁၈၆၇ |
| ခ | ၃၉၉၄၃၃ | ကင | ၇၈၇၃၄၅ | ည | ၉၆၄၃၃၄ |
| ဟ | ၃၉၉၈၅၃ | ည | ၇၈၈၇၉၁ | ဗ | ၉၉၇၆၁၀ |
| သ | ၄၈၀၂၃၂ | ဗ | ၇၈၉၂၁၈ | | |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ပ | ၁၁၂၇၉၆ | ခ | ၃၂၁၈၁၄ | ကဂ | ၄၃၂၀၈၈ | ကခ | ၅၃၅၂၆၆ | ဖ | ၆၉၇၈၇၂ | အ | ၇၉၀၀၃၈ |
| ကဂ | ၁၄၀၃၃၅ | ခ | ၃၆၆၇၈၅ | ဈ | ၄၉၃၈၆၆ | ဆ | ၅၃၈၆၈၉ | ကဃ | ၇၀၆၀၉၆ | ကင | ၈၁၈၂၆၁ |
| ဘ | ၁၈၁၆၅၃ | ည | ၃၇၉၃၅၈ | ဒ | ၅၂၃၅၁၇ | ဝ | ၆၃၈၃၃၉ | ဂ | ၇၂၈၅၂၀ | ဎ | ၈၃၄၀၇၈ |
| အ | ၂၃၇၅၀၀ | ဆ | ၄၀၈၈၃၆ | ဆ | ၅၃၂၈၉၆ | ဗ | ၆၆၄၂၂၅ | ဃ | ၇၃၁၆၀၆ | လ | ၉၇၄၇၉၅ |
| ဇ | ၂၃၈၂၇၄ | ဈ | ၄၂၀၉၄၁ | | | | | | | | |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀)ဆုများ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ဆ | ၁၀၄၃၃၄ | ကက | ၁၇၃၂၆၁ | ကဂ | ၄၁၃၂၉၁ | င | ၆၀၇၂၄၃ | စ | ၇၂၅၆၀၁ | င | ၈၄၇၀၁၃ |
| ဍ | ၁၂၃၁၃၀ | သ | ၁၉၂၇၅၃ | ည | ၄၇၁၈၂၂ | ဍ | ၆၁၄၆၉၁ | ခ | ၇၃၁၀၁၇ | ဈ | ၈၈၀၆၄၂ |
| ဝ | ၁၄၉၁၄၈ | ည | ၁၉၉၂၆၃ | ကစ | ၄၉၃၉၂၁ | ဖ | ၆၄၁၄၃၂ | ထ | ၇၅၄၁၅၆ | ကဂ | ၉၁၄၁၆၇ |
| ဋ | ၁၆၂၅၅၅ | ကဃ | ၂၁၀၁၁၂ | တ | ၄၉၉၅၈၈ | ပ | ၆၉၁၆၅၈ | ဟ | ၇၆၈၈၂၆ | ည | ၉၃၄၈၅၃ |
| ကဂ | ၁၆၄၅၅၄ | ဝ | ၃၅၃၀၇၃ | မ | ၅၄၇၀၁၃ | စ | ၇၁၀၇၉၀ | ခ | ၈၂၃၁၅၄ | | |

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ကက - ၁၀၄၆၃၂ | သ - ၃၂၉၁၄၉ | ဌ - ၃၈၆၁၀၀ | ယ - ၅၆၉၂၆၇ | ဇ - ၆၈၂၈၃၆ | ဗ - ၉၁၁၅၀၁ |
| ခ - ၁၈၄၃၄၅ | ဇ - ၃၄၂၈၈၈ | ဇ - ၃၉၆၅၀၆ | င - ၅၈၀၃၄၇ | ဟ - ၇၇၇၅၁၈ | ဖ - ၉၂၃၇၅၉ |
| ကဂ - ၂၀၅၃၈၉ | န - ၃၄၆၇၉၅ | ကဂ - ၄၂၃၉၈၄ | ဆ - ၆၀၅၃၅၈ | ကစ - ၇၈၃၄၉၀ | အ - ၉၃၄၃၆၁ |
| ကစ - ၂၃၁၉၁၁ | ခ - ၃၅၁၀၉၀ | တ - ၄၂၉၈၄၉ | ဆ - ၆၅၂၁၈၃ | ပ - ၈၄၄၆၆၂ | ဟ - ၉၅၈၆၇၉ |
| ကင - ၂၃၆၃၉၄ | ဒ - ၃၅၅၂၉၅ | စ - ၅၁၇၆၇၃ | ဗ - ၆၆၅၈၅၉ | ဝ - ၈၈၁၀၆၈ | ပ - ၉၇၉၆၂၁ |
| ကစ - ၃၀၄၇၈၈ | င - ၃၈၀၇၉၀ | | | | |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | |
|---|---|---|
| ထ - ၁၀၁၇၆ | အ - ၅၀၁၁၇ | ဂ - ၇၉၂၆၂ |
| လ - ၁၆၃၈၂ | ယ - ၅၄၇၇၁ | ခ - ၈၀၇၉၅ |
| သ - ၂၈၃၇၃ | ဗ - ၆၆၆၉၀ | ဃ - ၉၄၇၈၄ |
| ကင - ၃၈၇၂၀ | ရ - ၆၆၈၄၃ | ပ - ၉၉၄၅၆ |
| ကခ - ၄၅၆၈၂ | စ - ၆၈၄၈၈ | ဆ - ၉၉၅၂၅ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | |
|---|---|---|
| ဃ - ၂၁၀၇ | ဗ - ၄၅၆၈ | ဝ - ၆၅၈၀ |
| ဟ - ၂၂၁၃ | ဠ - ၅၂၅၈ | ဇ - ၆၆၉၅ |
| န - ၂၄၃၇ | လ - ၅၉၉၂ | မ - ၇၆၁၆ |
| ကခ - ၃၂၄၈ | ကဂ - ၆၁၈၄ | ကဃ - ၉၁၈၉ |
| ဝ - ၄၁၄၂ | ည - ၆၅၅၄ | ဗ - ၉၃၁၇ |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | |
|---|---|---|
| ထ - ၁၄၈ | ဏ - ၄၀၈ | န - ၆၉၅ |
| ကခ - ၁၈၈ | ပ - ၄၉၈ | ဈ - ၇၀၂ |
| သ - ၁၉၀ | ခ - ၅၀၄ | ကင - ၈၁၀ |
| န - ၂၄၃ | ဗ - ၅၄၉ | က - ၈၁၆ |
| ကခ - ၃၆၂ | သ - ၅၆၃ | ရ - ၉၈၁ |
| ဂ - ၃၉၈ | ဏ - ၅၈၁ | ကဃ - ၉၈၃ |

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | | |
|---|---|---|
| င - ၁၃ | ကဃ - ၅၅ | ကက - ၈၁ |
| ဈ - ၁၄ | ဘ - ၅၇ | ဌ - ၈၅ |
| ကဂ - ၁၈ | ပ - ၅၈ | ဂ - ၈၈ |
| စ - ၂၉ | ထ - ၆၀ | ဟ - ၉၂ |
| ယ - ၃၂ | ည - ၆၁ | ခ - ၉၅ |
| ခ - ၃၆ | လ - ၆၄ | သ - ၉၉ |
| ဆ - ၄၂ | ဌ - ၇၁ | |

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

## ဘဏ္ဍာသိမ်း ရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သော ဆုမဲများ

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဝ - ၄၅၀၈၄၄ ကစ - ၆၀၀၃၀၈ ည - ၇၉၂၈၂၉ ဇ - ၉၆၃၁၈၈

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

ထ - ၁၄၁၅၀ ခ - ၁၈၆၁၀

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ဆ - ၃၃၁၈

တ - ၄၆၆၆

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ဗ - ၁၅၄

ဃ - ၁၆၇

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ(၁) ရက်နေ့တွင်ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၁၇) ကြိမ်မြောက်ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ (၂၂၂၀၄၂) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင် ကျင်းပမည့် (၁၈) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေထီ လက်မှတ်များကို (က)အက္ခရာမှ (ကဆ) အက္ခရာထိ ၊အက္ခရာ (၄၀)လုံး ခွဲဝေရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ (၁၇)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၂ . ၇. ၂၀၂၀) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၃ . ၇ . ၂၀၂၀) ရက်နေ့မှစ၍ လက်ခံ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကိုကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စု စာရင်း မူရင်း/မိတ္တူ ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။




ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၀) တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ဒုတိယအကြိမ်လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၃/၂၀၂၀) ကျင်းပ

နေပြည်တော် ဇူလိုင် ၁

**ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၀) ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ၏ ကြီးမားသည့်စိန်ခေါ်မှုကို တုံ့ပြန်ကာကွယ်ထိန်းချုပ်၍ လွှတ်တော်အသီးသီး ၏ (၁၆) ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါကြောင်း၊ လာမည့် ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၃ ရက်တွင် စတင်ကျင်းပရန် ကြေညာထားပြီးဖြစ်ပါကြောင်း၊ ခေါ်ယူထားသည့် လွှတ်တော်အစည်းအဝေး များတွင် ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိပြီး ပြည်ထောင်စု လွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် အခွန်အကောက်ဥပဒေကြမ်းတို့ အပါအဝင် လွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ❒

## ကျိုင်းတုံ၌ ပုံမှန်ဝင်ငွေအခက်အခဲရှိသော အခြေခံလူတန်းစားများအား အိမ်တိုင်ရာရောက် ထောက်ပံ့ငွေများပေးအပ်

**ကျိုင်းတုံ ဇူလိုင် ၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရန် Stay at home အစီအစဉ်နှင့် မိမိတို့နေအိမ်များ တွင် နေထိုင်ခဲ့ခြင်းကာလ၌ မိသားစုအတွင်း ပုံမှန်ဝင်ငွေ အခက်အခဲရှိသော အခြေခံလူတန်း စားများအတွက် ပထမအကြိမ်အဖြစ် ဧပြီလတွင် နိုင်ငံတော်မှ စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ် ခဲ့ရာ အဆိုပါ ထောက်ပံ့ရေးအစီအစဉ်တွင် ကျန်နေခဲ့သည့် အိမ်ထောင်စုများအတွက် ဇူလိုင် ၁ ရက် နံနက် ၉ နာရီမှစတင်၍ ရပ်ကွက် နှင့် ကျေးရွာများ၌ တာဝန်ရှိသူများက ထောက်ပံ့ ငွေများပေးအပ်သည်။ **(အောက်ပုံ)**

*စာမျက်နှာ ၄ ကော်လံ ၆* ◆



**လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များ သတ်မှတ်ကြေညာ**

*စာမျက်နှာ - ၃*

**ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ၊ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရှိကြောင်း အသိပေးချက် ထုတ်ပြန်ကြေညာ**

*စာမျက်နှာ - ၃*

**အီးယူက နိုင်ငံပေါင်း ၁၄ နိုင်ငံကို ခရီးသွားကန့်သတ်ချက်များဖြေလျှော့**

*စာမျက်နှာ - ၁၂*

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

*စာမျက်နှာ - ၁၅*

## ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ဂိုး ၇၀၀ ပြည့်မြောက်ခဲ့သည့် မက်ဆီ




လီယွန်နယ်မက်ဆီသည် ဇူလိုင် ၁ ရက် နံနက်က ဘာစီလိုနာအသင်းနှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သော လာလီဂါပွဲစဉ်(၃၃)တွင် ဘာစီလိုနာအသင်းအတွက် ပွဲကစားချိန် မိနစ် ၅၀ တွင် ပယ်နယ်တီမှတစ်ဆင့် တစ်ဂိုးသွင်းယူနိုင်ခဲ့၍ ပရော်ဖက်ရှင်နယ်ကစား သမားဘဝ စုစုပေါင်း သွင်းဂိုး ၇၀၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ယင်းဂိုးသည် ယခုနှစ်ဘောလုံးရာသီတွင် ကလပ်နှင့် နိုင်ငံအသင်း အတွက် ၂၇ ဂိုးမြောက် သွင်းဂိုးလည်းဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် လာလီဂါပွဲစဉ် (၃၃) ယှဉ်ပြိုင်ကစားပြီးချိန်တွင် ဦးဆောင်သူ ရီးရဲ မက်ဒရစ်အသင်းထက် တစ်ပွဲပိုကစားထားကာ ရမှတ် ၇၀ ဖြင့် အမှတ်ပေးဇယား အဆင့် (၂) နေရာတွင် ရပ်တည်နေသည်။ ဘာစီလိုနာအသင်း သည် ယခုပွဲအနိုင်ရရှိလျှင် အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်ခွင့်ရရှိမည် ဖြစ်သော်လည်း နှစ်ဂိုးစီသရေကျခဲ့သည့်အတွက် ထိုအခွင့်အရေးနှင့် လွဲချော်ခဲ့ရသည်။ ရီးရဲမက်ဒရစ်အသင်းကို ဖိအား ပေးရန်ကြိုးစားရင်း အမှတ်များဆုံးရှုံးခဲ့ရသည့် ဘာစီလိုနာအသင်းအတွက် များစွာထိခိုက်နစ်နာ ခဲ့ရသည်ဟု မှတ်ချက်ပြုရမည်ဆိုသော်ငြား လီယွန်နယ် မက်ဆီအတွက်တော့ ပရော်ဖက်ရှင်နယ် ကစားသမားဘဝတွင် မှတ်တိုင်သစ်တစ်ခု စိုက်ထူ နိုင်ခဲ့သည်ဟု ဆိုရပေမည်။ အမှတ်ပေးဇယားကို တစ်မှတ်အသာဖြင့် ဦးဆောင်နေသည့် ရီးရဲမက်ဒရစ် အသင်းအနေဖြင့် ဇူလိုင် ၃ ရက် နံနက် ၂ နာရီခွဲတွင် လာလီဂါ ပွဲစဉ် (၃၃) အဖြစ် ဂီတာဖေးအသင်းနှင့်

*စာမျက်နှာ ၁၀ ကော်လံ ၅* ❍